ကြေးမုံ
The Mirror
၁၃၇၀ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ရက်၊ အင်္ဂါနေ့ (18-11-2008) (၅၈၆၆)

ပဏ္ဍိတာနဉ္စသေဝနာ ဧတံ မင်္ဂလ မုတ္တမံ

ပညာရှိသောသူကို မှီဝဲဆည်းကပ်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

# တောင်ကြီးမြို့ အေးသာယာ စက်မှုဇုန် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၇

**အေးသာယာစက်မှုဇုန် တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးချစ်ဦး လိုက်ပါလျက် နိုဝင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ အေးသာယာ စက်မှုဇုန်သို့ ရောက်ရှိပြီး သံရည်ကျိုစက်ရုံ စီမံကိန်းရှင်းလင်းဆောင်၌ သံရည်ကျိုစက်ရုံ အမှုဆောင်ဒါရိုက်တာများနှင့် တွေ့ဆုံသည်။**

စက်မှုဇုန်တာဝန်ခံ ဝန်ကြီးက စက်ရုံအမှုဆောင် ဒါရိုက်တာများအား အမှာစကားပြောကြားရာတွင် နိုင်ငံတော်က စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ နိုင်ငံခြားငွေ အကုန်အကျခံပြီး ဤစက်မှုစက်ရုံကို မတည်ရင်းနှီး တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း၊ ဒေသခံ စက်မှုလုပ်ငန်းရှင်များကလည်း အစုရှယ်ယာများ ထည့်ဝင်ရင်းနှီးထားကြကြောင်း၊ သို့ဖြစ်၍ ငွေကြေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျ သုံးစွဲသွားကြရန် လိုကြောင်း၊ စစ်ဆေးအတည်ပြုပြီး ငွေစာရင်းများကိုလည်း ဇုန်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌသို့ တင်ပြရန်လိုအပ်ကြောင်း၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ Genius Group ကုမ္ပဏီ၏ ခနောက်စိမ်း သတ္တုသန့်စင်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။
(စွမ်းအင်)



## လေးစားဂုဏ်ယူရပါသော ချင်းတောင်သူကြီး

**သတင်း-တင်ဝင်းလေး (ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ငွေးအောင်(ကြေးမုံ)**

ချင်းပြည်နယ်(တောင်ပိုင်း)၏ ရာသီဥတုသည် ကျွန်တော်တို့ သတင်းဧည့်သည်အဖွဲ့အား မာယာအမျိုးမျိုးနှင့် လှည့်စားနေပါတော့သည်။ နံနက်စောစော မင်းတပ်မြို့ပေါ်မှ ထွက်လာသည့်အချိန်တွင် သာသာယာယာရှိလှပြီး ပတ်ဝန်းကျင်တောတောင်၏အလှကို နှစ်မျောခံစားနေမိခိုက် မြို့နှင့် နှစ်မိုင်ခန့်အကွာ ဂျစ်ကားပေါ်တွင်ပါလာသော မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းက "ဟာ မှိုင်းတိုက်လာပြီဗျို့"ဟု ဆိုလိုက်သည့်အတွက် နားမလည်၍ ပြန်မေးကြည့်ရာ "ဩော် ခင်ဗျားတို့ အောက်သားတွေဆိုတော့ တောင်ပေါ်စကား(အခေါ်)ကို နားမလည်ဘဲကိုးဗျာ။ ဒီမှာက အခုလိုနှင်းတွေဝေလာပြီဆို နှင်းကျတယ်လို့ မသုံးဘူး မှိုင်းတိုက်တယ်လို့ပြောကြတယ်ဗျ" ဆိုတော့မှ ဒေသသုံးစကားကို ဗဟုသုတအဖြစ် မှတ်သားလိုက်မိသည်။



"ဟုတ်တယ်ဗျ၊ ဒီက ရာသီဥတုက အခုတစ်မျိုး၊ ခဏနေတစ်မျိုး အပြောင်းအလဲကချက်ချင်းမြန်တာ" ဟု မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးဝင်းမြင့်က ထောက်ခံစကား ပြော၍မှ မဆုံးမီပင် နှင်းများကျလာသည်မှာ ဘာဆိုဘာမျှ မမြင်ရတော့၍ ကားကို မီးထွန်းပြီး ခေတ္တရပ်ထားလိုက်ရသည်။

နာရီဝက်မျှပင် မစောင့်လိုက်ရ။ ပြန်၍လင်းလာသည့်အတွက် ခရီးဆက်ခဲ့ရာ မင်းတပ်နှင့် ကိုးမိုင်အကွာ "ဘော်ခွိုး" စိုက်ပျိုးရေးခြံသို့ ဝင်ရောက်လေ့လာခဲ့ရသည်။ တောင်စောင်းမြေလေးဧကပေါ်တွင် အဆင့်မြင့်နည်းဖြစ်သော ခြံစည်းရိုး နှစ်တန်းပူးစနစ်ဖြင့် လက်ဖက်ပင်များ စိုက်ပျိုးထားသည်ကို တွေ့ရသည်။ ၂၀၀၄ ခုနှစ်က ပျိုးထောင်စိုက်ပျိုးထားခြင်းဖြစ်၍ ယခုအခါ ခူးဆွတ်၍ရနေပြီဖြစ်သည်။

ချင်းပြည်နယ်သည် တောတောင် အလွန်ပေါများပြီး လက်ဖက်စိုက်ပျိုးရန် အလွန်သင့်တော်သော ဒေသဖြစ်သည့်အတွက် နိုင်ငံတော်နှင့် တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးတူ ပူးပေါင်းဆောင်ရွက်ပါက ပြည်နယ်၏ အဓိကစီးပွားရေးထွက်ကုန်တစ်ရပ်အဖြစ် အကျိုးဖြစ်ထွန်းလာမည် ဖြစ်သည်။

ထိုမှတစ်ဖန် မင်းတပ်မြို့နှင့် ၁၀ မိုင်ခန့်အကွာ "လာလောင်ထွိုး" ကျေးရွာအုပ်စု ထင်ချောင်းကျေးရွာသို့ ကြေးမုံသတင်းအဖွဲ့ ရောက်ရှိခဲ့ကြပြန်သည်။ ပေ ၁၀၀ ရှည် ကြိုးတံတားလေးပေါ်မှ ဖြတ်ကျော်၍ ကျေးရွာအုပ်စုအတွင်းရှိ မြေပြန့်တွင် စိုက်ပျိုးထားသော မိုးစပါးများက ရိတ်သိမ်းမည့်သူကို စောင့်မျှော်နေသည့်အလား ရွှေရောင်သန်းပြနေသည်ကို တွေ့ခဲ့ရသည်။

စိုက်ပျိုးရေးခရိုင်မန်နေဂျာ ဦးသိန်းဇော်က ခရိုင်စံပြစပါးစိုက်ခင်းဖြစ်ကြောင်း၊ ဧက ၁၈၀ ရှိပြီး "မနောသုခ"မျိုးများဖြစ်ကြောင်း ရှင်းပြခဲ့သည်ကို တွေ့မြင်ခဲ့ရသည်။

မြို့သို့ပြန်အတက် "မင်းတပ်မြို့မှ ကြိုဆိုပါ၏"ဆိုသော ဆိုင်းဘုတ်အနီး လိမ္မော်သီးများ

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁**

**မင်းတပ်မြို့နှင့် ကိုးမိုင်အကွာ "ဘော်ခွိုး" စိုက်ပျိုးရေးခြံ တောင်စောင်းမြေ လေးဧကပေါ်တွင် စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းနေသည့် လက်ဖက်စိုက်ခင်းများကို တွေ့ရစဉ်။**

ကြေးမုံ The Mirror
၁၈-၁၁-၂၀၀၈
(အင်္ဂါနေ့)

# သွင်းကုန်အစားထိုးစက်ရုံများ တိုးချဲ့တည်ဆောက် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးကြိုးပမ်း

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝတိုးတက်ဖြစ်ထွန်းခိုင်မာရေးကို အလေးထားသည်နှင့်အညီ ပြည်တွင်းရှိ သယံဇာတစွမ်းအား၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ စွမ်းအားအရင်းအမြစ်များကို ရယူ၍ ကြိုးပမ်းဖော်ဆောင်နေသည်။

ယခုအခါ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်စက်မှုလုပ်ငန်းများသာမက ပုဂ္ဂလိကစက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးလာစေရန် စက်မှုဇုန်များကိုလည်း အားပေးထူထောင်လျက်ရှိသည်။ နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၏ စွမ်းဆောင်မှုအရည်အသွေးကို မြှင့်တင်ပေးရင်း သွင်းကုန်အစားထိုးစက်ရုံ၊ အလုပ်ရုံအသစ်များကိုလည်း တိုးချဲ့တည်ဆောက်ပေးနေသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနက ပြည်တွင်းစက္ကူသုံးစွဲမှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် စက္ကူနှင့် ပျော့ဖတ်စက်ရုံများကို တည်ဆောက်လျက်ရှိသည်။ အဆိုပါ စက်ရုံများတည်ဆောက်ခြင်းဖြင့် ပြည်ပမှ စက္ကူတင်သွင်းရမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး စက္ကူထုတ်လုပ်သည့် ခေတ်မီနည်းပညာများလည်း ပိုမိုရရှိလာမည်ဖြစ်သည်။

ဧရာဝတီတိုင်း သာပေါင်းမြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း တန်(၅၀)အဆင့်မြင့် စက္ကူစက်ရုံ(သာပေါင်း)ကို နိုဝင်ဘာလ ၁၆ ရက်နေ့က ဖွင့်လှစ်လိုက်သည်။အဆိုပါ စက်ရုံမှ တစ်နေ့ တန်(၅၀)ကျ အဆင့်မြင့်စက္ကူများ ထုတ်လုပ်နိုင်ပြီး မိတ္တူကူးစက္ကူနှင့် ကွန်ပျူတာသုံး ပုံနှိပ်စက္ကူ၊ နှစ်ဖက်ချော အဆင့်မြင့် စက္ကူပါးနှင့်ကြွေရောင်စက္ကူတို့ကို ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ သာပေါင်းမြို့နယ်အတွင်းရှိ တန်(၂၀၀)စက္ကူနှင့် ပျော့ဖတ်စက်ရုံ၊ တန်(၅၀)အဆင့်မြင့် စက္ကူစက်ရုံ အပါအဝင် အခြားဒေသတို့၌လည်း စက္ကူစက်ရုံများကို တည်ဆောက်၍ စက္ကူနှင့်ပျော့ဖတ်များ ထုတ်လုပ်လျက်ရှိရာ ပြည်တွင်းစက္ကူလိုအပ်ချက်ဖြည့်ဆည်းနိုင်ရေး အထောက်အကူပြုမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ စက်ရုံအများအပြားကို တည်ဆောက်ထုတ်လုပ်လျက်ရှိရာ စက်များအားလုံး စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ စက်ရုံ၏ဝင်ငွေ အချိုးတိုးတက်ကောင်းမွန်ရေး၊ ကုန်ထုတ်အမယ်သစ်များ တိုးချဲ့ထုတ်လုပ်ရေး၊ ထုတ်လုပ်မှု စရိတ်လျှော့ချသွားနိုင်ရေး၊ သုံးစွဲသောကုန်ကြမ်းများ လုံလောက်စွာ ရရှိရေးတို့ကိုလည်း ဆက်လက်ကြိုးပမ်း အားထုတ်ကြရမည်ဖြစ်သည်။ နိုင်ငံပိုင်စက်ရုံများ တိုးချဲ့တည်ဆောက်၍ ကုန်ထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်နိုင်သည်နှင့်အမျှ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး ဒေသဖွံ့ဖြိုး အကျိုးဖြစ်ထွန်းမှုများ ပိုမိုရရှိလာမည်ဖြစ်ပါသည်။ ။

## ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်းဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၁၇**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် CARE Myanmar တို့ ပူးပေါင်းဖွင့်လှစ်သည့် ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သားသင်တန်း (Training for Community Animal Health Workers)ဖွင့်ပွဲ အခမ်းအနားကိုနိုဝင်ဘာ ၈ရက်နံနက်ပိုင်းကနာရီတွင် ရန်ကုန်တိုင်းအင်းစိန်မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဌာနခွဲ၊ လေ့ကျင့် ပညာပေးရေးဌာနစိတ်သင်တန်းခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီး**(အောက်ပုံ)** နှင့် CARE Myanmar Assistant Country Director, Mr. Daire O' Rilley တို့က သင်တန်းဖွင့် အမှာစကားပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် CARE Myanmar မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများ၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများမှ သင်တန်းသား ၃၀ တက်ရောက်ကြပြီး ယင်းဒေသများရှိ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်းသိရသည်။ ဆက်လက်၍ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးသည် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဌာနခွဲ၊ မျိုးမြှင့်တင်ရေးဌာနစိတ်၌ ဖွင့်လှစ်သည့် နွားမေထုန်မှဲ့ သားစပ်သင်တန်း အမှတ်စဉ် ၁/၂၀၀၈ ဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်လှစ်ခြင်းဖြင့် နွားမေထုန်မှဲ့သားစပ်လုပ်ငန်းကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်ပြီး နို့စားနွား မျိုးကောင်းမျိုးသန့်များ ပြန့်ပွားစေခြင်းဖြင့် နို့စားနွား မွေးမြူထုတ်လုပ်မှုတိုးတက်လာစေရန် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




| | |
|---|---|
| **ပြည်သူ့ သဘောထား** | ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ |
| | ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ |
| | ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ |
| | ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ |

# လေဘေးသင့် ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၇**

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပမှ စေတနာရှင် အလှူရှင်များက အလှူငွေများကို ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)အလှူငွေလက်ခံရာဌာနသို့ လာရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

နိုဝင်ဘာ ၇ ရက်မှ ၁၄ရက်အထိ လှူဒါန်းကြသော အလှူရှင်များမှာ အာဘာဖီးကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးစိန်ဖေ (ငြိမ်း)နှင့် ဒေါ်သက်နှင်းခိုင်မိသားစု(ပုဇွန်တောင်)က လူနေအိမ် ငါးလုံးအတွက်ငွေကျပ်သိန်း၃၀၊ i Love Myanmar က ဘိုကလေးမြို့နယ် ဒေါင့်ကြီးအုပ်စု ထော်ပိုင်လေးကျေးရွာ လူနေအိမ် ၃၁ လုံးအတွက် ငွေကျပ် ၁၈၆ သိန်း၊ ရန်ကုန်တိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမိသားစုက လူနေအိမ်လေးလုံးနှင့် ငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ် ၂၅သိန်း၊ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)ပဲခူးတိုင်း (အရှေ့+အနောက်)မြေစာရင်းဌာနမှ ဝန်ထမ်းများကလူနေအိမ်နှစ်လုံးအတွက် ငွေကျပ် ၁၂ သိန်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေးဌာန)က ငွေကျပ်သုံးသိန်း၊ တပ်မတော်(ကြည်း၊ရေ၊လေ)အမျိုးသမီးစစ်မှုထမ်းဟောင်းများက စက်မပါလှေတစ်စင်းအတွက်ငွေကျပ်နှစ်သိန်း၊ IRPC Public Co., Ltd. Bangkok Thailand က ငွေကျပ် ၃၆၃၆၃၆၊ ဦးရှင်းကျော်နှင့်(ဒေါ်မိဖီ)၊ဒေါ်မိကြိုင်မိသားစုဟိုပုံးမြို့က ငွေကျပ်တစ်သိန်း၊ ဦးဇော်ဝင်းမြင့်နှင့်ဒေါက်တာရင်ရင်ဇော်မိသားစုကလူနေအိမ်တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမေရိကန်ဒေါ်လာ ၂၀၊ လက်ပံတန်းမြို့နယ် နတ်စင်ကုန်းကျေးရွာအုပ်စု ပြည်သူများက ငွေကျပ် ၅၁၄၀၀၀၊ ဒေါက်တာမောင်ထွေးမိသားစုက ငွေကျပ် နှစ်သိန်း၊ H. Abdul Kader (a) U Win Myint ပန်းဘဲတန်းမြို့နယ်က လူနေအိမ် ၂၄ လုံးအတွက် ငွေကျပ် ၁၄၄ သိန်း၊ ၁၉၆၆-၁၉၇၃ ဆေးတက္ကသိုလ်(၁)(ရန်ကုန်)ဘွဲ့ရ ကျောင်းသားကျောင်းသူများက ဘိုကလေးမြို့နယ် ပတ္တမြားကျေးရွာအုပ်စု သကံကျေးရွာ၌ လူနေအိမ်အလုံး ၂၀ အတွက် ငွေကျပ်သိန်း ၁၂၀၊ ဦးလှစိုးနှင့် ဒေါ်မိမိအောင် မောင်နှမတစ်စုက လူနေအိမ်တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်း၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄)က (ဒုတိယအကြိမ်) ငွေကျပ် ၂၄၀၀၀၀၊ Myanmar Community in India က အမေရိကန်ဒေါ်လာ ၂၀၇၅၊ Ms. Fann Wang & Family က အမေရိကန်ဒေါ်လာ ၁၂၇၅၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၆၈၃၆၅၀၀ ၊ ဒေါက်တာတင်မောင်ထွန်း မရမ်းကုန်းမြို့နယ်က ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း ချောင်းဝရွာ၌ လူနေအိမ် ၁၀လုံး ဆောက်လုပ်ရန် ငွေကျပ်သိန်း ၆၀၊ Monsuang (May) Chaleoy, Chef & Owner, May Restaurant & Lounge, Seattle, USA က ထိုင်းဘတ် ၂၃၀၀၀၊ Shyang Jye Steel Co., Ltd. က ငွေကျပ်တစ်သောင်း၊ Tripartite Core Group (TCG) က လူနေအိမ် ၄၅ လုံးအတွက် ငွေကျပ်သိန်း ၂၇၀၊ ဗန်ကောက်မြို့ မြန်မာသံရုံးမှတစ်ဆင့် ထိုင်းဘတ်ငွေ ၈၁၅၄၀၀၊ Mr. Sang Mu Lee, Korea, FAO Association က အမေရိကန်ဒေါ်လာ ၃၅၀၀၊ ဂျပန်နိုင်ငံမှအလှူရှင်များက လူနေအိမ် သုံးလုံးအတွက် ငွေကျပ် ၁၈သိန်းနှင့် ဓာတ်မြေသြဇာ၂၀၂ အိတ်အတွက် ငွေကျပ် ၃၆၃၆၀၀၀၊ ဦးမြသိန်းအောင်မိသားစု မြောက်ဒဂုံက ငွေကျပ် တစ်သိန်းနှင့် လေဘေးသင့် မိဘမဲ့ကလေးများအတွက် ငွေကျပ်တစ်သိန်း၊ဗိုလ်ချုပ်သန်းအောင်နှင့် ဒေါ်ဝင်းဝင်းမြ မိသားစု တာမွေမြို့နယ်က လူနေအိမ်တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်း၊ ဒေါက်တာသိန်းထွန်းနှင့်ဒေါ်ညွန့်ညွန့်ရှိန်မိသားစု တောင်ဥက္ကလာပက ငွေကျပ်တစ်သိန်း၊ အိန္ဒိယနိုင်ငံဗုဒ္ဓဂယာပညာသင် မြန်မာရဟန်းတော်များက ရူပီး ၇၉၂၈၁၊ Sonja, Kurzka, Hamburg, Germany က ငွေကျပ်တစ်သိန်း၊ကမ္ဘောဇဘဏ်လီမိတက်က လူနေအိမ်အလုံး ၁၀၀၀ အတွက် ငွေကျပ်သိန်း ၆၀၀၀ နှင့် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၃၃၉၆၁၀၀တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မော်ဘီ အထက(၂) အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

အထက(၂)မော်ဘီ (ယခင်တပ်မတော်ကျောင်း) ၌ ၁၉၆၆-၁၉၆၇ ခုနှစ်မှ ၁၉၇၄-၁၉၇၅ခုနှစ်အထိ ပညာသင်ကြားပို့ချခဲ့ကြသော အထက်တန်း၊အလယ်တန်း၊မူလတန်းပြဆရာ၊ ဆရာမကြီးများနှင့်၁၉၇၅-၁၉၇၆ ခုနှစ်မှ ၁၉၇၉-၁၉၈၀ပြည့်နှစ်အတွင်း ပညာသင်ကြားပို့ချခဲ့ကြသော ဆရာ၊ ဆရာမကြီးများအား ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မော်ဘီ အထက(၂) မေတ္တာရောင်ခြည်ခန်းမ၌ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၅ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အာစရိယပူဇော်ပွဲသို့ ဖော်ပြပါ ဆရာ၊ ဆရာမကြီးများထံတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့် မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းမှု ပြုနိုင်ရန်အတွက် ဒေါက်တာစောကလယ်ခူ ဖုန်း-၀၉-၅၁၆၅၈၁၄၊၆၉၉၁၄၅၊ဦးမြသန်းထိုက် ဖုန်း-၀၉-၅၀၀၁၀၂၆၊ ဒေါ်ခင်မြတ်မူ၊ ဒေါ်ခင်မြတ်သူ၊ ဒေါ်စုစုထွေး ဖုန်း-၆၆၁၉၀၃၊ဦးအောင်မြင့် ဖုန်း-၀၉-၅၁၆၂၈၇၂၊ ဒေါက်တာသီဟကျော် ဖုန်း ၀၉၅၁၅၃၆၈၇၊ဒေါ်အေးအေးစိုး ဖုန်း-၆၂၀၈၈၁၊ဦးကာကျော် ဖုန်း-၃၈၁၈၅၃နှင့် ဦးကျော်မင်း ဖုန်း-၆၂၀၅၂၄ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

**နိုဝင်ဘာ ၃ရက်တွင် မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် လေဆိပ်လမ်း ပလက်ဖောင်းများ ဆေးသုတ်နေမှုကို မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



## ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၁၇**

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၆၄၂)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ နိုင်ငံတကာအဆင့်မီကွန်ဒိုများ ရန်ကုန်မြို့တွင် မကြာမီထပ်မံတည်ဆောက်မည်၊ အဆိုတော်ဘာဘူ၏ မင်္ဂလာပွဲမြင်ကွင်းစုံ၊ ရထားနှင့် ရထားစီးခရီးသည်များ အန္တရာယ်ဖြစ်အောင် ပြုလုပ်သူကို ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်မည်၊ DVD များ နေရာတွင် နည်းပညာပိုမိုမြင့်မားသည့် Blu- ray Disc များ ဝင်ရောက်လာ၊ တနင်္သာရီ ကမ်းရိုးတန်းမြို့တော်သို့ စာပေခရီးတစ်ခေါက်၊ မြန်မာ့စိုက်ပျိုးရေး ထုတ်ကုန်သစ် ရဲယို၊ မြန်မာနိုင်ငံတွင် ငလျင်ကြီးကြီးမားမား လှုပ်နိုင်ခြေမရှိသေး၊ ကုန်တင်ကားကြီးများကို အဖွဲ့လိုက် ဖောက်ထွင်းသူများအား ဖမ်းဆီးရမိ၊ တံတားကြီးများ၏ဘေးဝဲယာ လေးမိုင်အကွာအဝေးကို အထူးဇရိယာများအဖြစ် သတ်မှတ်၊ သက်ဆင်ဘယ်နေရာမှာ နားခိုမလဲ၊ ပုလင်းခွံများဖြင့် တည်ဆောက်ထားသည့် ဘုရားကျောင်း၊ တရုတ်က လကမ္ဘာမျက်နှာပြင်၏ ပထမဆုံးမြေပုံအပြည့်အစုံကို ထုတ်ပြန်၊ ၂၀၀၈ မယ်ကမ္ဘာသရဖူကို ဖိလစ်ပိုင်မယ်ရရှိ၊ဂျက်လေယာဉ်တစ်စင်းငှက်အုပ်ကြီးနှင့်တိုက်မိ၍ခရီးသည်များ လေထီးဖြင့် ခုန်ချခဲ့ရ၊ ဖိလစ်ပိုင်မှ ဂူကြီးက ကမ္ဘာ့ အံ့ဖွယ်သစ် ခုနစ်ခုတွင် နံပါတ်တစ်နေရာရနေ၊ အဘွားအိုတစ်ဦး ဆွေမျိုးအလောင်းသုံးလောင်းနှင့် နှစ်အတန်ကြာ အတူနေခဲ့၊ အိန္ဒိယ၏ အာကာသယာဉ် လကမ္ဘာပေါ်သို့ အောင်မြင်စွာ ဆင်းသက်ပြီး အိန္ဒိယနိုင်ငံအလံကို စိုက်ထူနိုင်ခဲ့၊ ဝါးဖြင့်ပြုလုပ်သည့်ကား ဓာတ်အားတစ်ကြိမ်ဖြည့်ထားရုံဖြင့် မိုင် ၃၀ ကျော် မောင်းနှင်နိုင်၊ အိုဘားမားက ဟီလာရီကလင်တန်အား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆောင်ရွက်ရန်ကမ်းလှမ်း၊ သက်ဆင်တို့ လင်မယား ကွာရှင်းပြတ်စဲလိုက်ပြီ၊ ဆိုမာလီပင်လယ်ဓားပြများ ယခုလ ၁၆ ရက်က ဂျပန်သင်္ဘောတစ်စင်းကို ပြန်ပေးဆွဲလိုက်ပြန် စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပိုစာမျက်နှာများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း "ရောဝတီရဲ့မနက်ဖြန်" ဗီဒီယိုဇာတ်ကားတွင် ပါဝင်ကူညီခဲ့ကြသည့် အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်၍ ဂုဏ်ပြု အမှာစကား ပြောကြား

ရန်ကုန် နိုဝင်ဘာ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈) ဂုဏ်ပြုဇာတ်လမ်းဖြစ်သော "ဧရာဝတီရဲ့ မနက်ဖြန်" ဗီဒီယိုဇာတ်ကားတွင် ပါဝင်ကူညီခဲ့ကြသည့် ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်၊ အတတ်ပညာရှင်များအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည့် အခမ်းအနားကို ယမန်နေ့ ညနေ ၆နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော် ဥတ္တရဆောင်၌ ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။



**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် "ဧရာဝတီရဲ့မနက်ဖြန်" ဗီဒီယိုဇာတ်ကားတွင် ပါဝင်ကူညီခဲ့သည့် သရုပ်ဆောင် မိုးပြည့်ပြည့်မောင်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)



**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း "ဧရာဝတီရဲ့ မနက်ဖြန်" ဗီဒီယိုဇာတ်ကားတွင်ပါဝင်ကူညီခဲ့သည့် ဇာတ်ညွှန်းထပ်ဆင့် အကယ်ဒမီငြိမ်းမင်းအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

ဂုဏ်ပြုညစာစားပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့တို့မှတာဝန်ရှိသူများ၊ "ဧရာဝတီရဲ့ မနက်ဖြန်" ဗီဒီယိုဇာတ်ကားတွင် မေတ္တာဖြင့် အနုပညာအကူအညီပေးခဲ့ကြသည့်ရုပ်ရှင်၊ ဂီတ၊ ဗီဒီယိုတို့မှအနုပညာရှင်၊အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂုဏ်ပြုအမှာစကား ပြောကြားရာ၌ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ၂၀၀၈ခုနှစ် နှစ်ပတ်လည် ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် "ဧရာဝတီရဲ့ မနက်ဖြန်" ဇာတ်ကားသည် ယခင်နှစ်များတွင် ရိုက်ကူးခဲ့သော ဂုဏ်ပြု ဇာတ်လမ်းများနှင့် မတူဘဲ တစ်မူထူးခြားသည့် ဝိသေသများနှင့် ပြည့်စုံသော ဇာတ်ကားတစ်ကား ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါ ဇာတ်ကားတွင် ပါဝင်ရိုက်ကူးမှတ်တမ်းတင်ခဲ့ကြသည့် အနုပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် အတိုင်းမသိ ကျေနပ်ကြည်နူးကြမည်ဖြစ်ကြောင်း။

အနုပညာရှင်များသည်လွတ်လပ်ရေး အကြိုကာလတွင် ပြည်သူတို့၏ မီးခဲပြာဖုံး အမျိုးသားရေးစိတ်ဓာတ်ကို အနုပညာဖြင့် နှိုးဆွပေးခဲ့ကြပြီး လွတ်လပ်ရေးကြိုးပမ်းမှု ကာလတွင်လည်း ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ ထို့နောက် လွတ်လပ်ရေးထိန်းသိမ်းမှုကာလနှင့် ယခု နိုင်ငံတော် တည်ဆောက်ရေးကာလများမှာလည်း နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားအတွက် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီ ဖော်ဆောင်ရေးကာလတွင်လည်း အနုပညာရှင်များအနေဖြင့် အမျိုးသားအကျိုးစီးပွားကို ရှေးရှု၍ နိုင်ငံ့တာဝန်၊ အနုပညာတာဝန်တို့ကို ဆက်လက်သယ်ပိုးထမ်းဆောင် ကြဦးမည်သာဖြစ်ကြောင်း။

"ဧရာဝတီရဲ့မနက်ဖြန်" ဇာတ်ကားကြီးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ တိုင်းကျိုးပြည်ပြု ဆောင်ရွက်မှုများကို ဂုဏ်ပြုဖော်ဆောင်သော ဇာတ်ကား ဖြစ်သကဲ့သို့ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဂုဏ်ကိုလည်း ပီပြင်စွာ ဖော်ညွှန်းပြသနိုင်သော ဇာတ်ကားကြီးလည်း ဖြစ်ကြောင်း၊ အနုပညာရှင်များအနေဖြင့် နောင်တွင်လည်း ဤကဲ့သို့ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အစဉ်ရှေးရှုပြီး အနုပညာတာဝန်များ ကျေပွန်ကြစေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် "ဧရာဝတီရဲ့ မနက်ဖြန်" ဗီဒီယိုဇာတ်ကားတွင်ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဒါရိုက်တာ ထပ်ဆင့် အကယ်ဒမီ စင်ရော်မောင်မောင်၊ ဇာတ်ညွှန်း ထပ်ဆင့်အကယ်ဒမီ ငြိမ်းမင်း၊ သရုပ်ဆောင်များဖြစ်ကြသည့် အကယ်ဒမီ နေအောင်၊ အကယ်ဒမီ ကျော်ရဲအောင်၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ အကယ်ဒမီအိန္ဒြာကျော်ဇင်နှင့် အနုပညာအကြံပေး ဒါရိုက်တာ ဟိန်းစိုးတို့အားဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ကြီးကြပ်မှုဖြင့် နာဂစ်လေမုန်တိုင်းသင့် ဧရာဝတီတိုင်းအတွက် ရန်ပုံငွေ ဗီဒီယိုဇာတ်ကား ခြောက်ကားကို ဒါရိုက်တာ၊ သရုပ်ဆောင်နှင့် ဇာတ်ပို့ဇာတ်ရံများက အနုပညာကြေး ရယူခြင်းမရှိဘဲ အနုပညာဒါနအဖြစ် ရိုက်ကူးထုတ်လုပ်ခဲ့ရာ အမြတ်ငွေ ကျပ်သိန်း ၆၄၀ ရရှိခဲ့သည်။ အဆိုပါ ရရှိ ငွေကျပ်သိန်း ၆၄၀ကို ဧရာဝတီတိုင်း ဖျာပုံခရိုင် အမာမြို့၌ စာသင်ကျောင်း ဆောက်လုပ်ရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်ထံ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဌ ဦးမြင့်သိန်းဖေက ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က "ဧရာဝတီရဲ့ မနက်ဖြန်" ဗီဒီယိုဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသော အကယ်ဒမီ မေသဉ္ဇာဦး၊ ဝေဠုကျော်၊ နေတိုး၊ ပြေတီဦးနှင့် ခိုင်သင်းကြည်၊ အနုပညာ အကြံပေး ဒါရိုက်တာညွှန့်မြန်မာ ညီညီအောင်တို့အားလည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က နောက်ခံတေးဂီတ ဖန်တီးသူ အကယ်ဒမီ ဇော်မျိုးထွဋ်၊ သရုပ်ဆောင်များဖြစ်ကြသည့် စိုးမိုးကြည်၊ အကယ်ဒမီအောင်ခိုင်၊ ဝိုင်းစုခိုင်သိန်း၊ မိုးပြည့်ပြည့်မောင်နှင့် ရှက်တယ်တို့အား လည်းကောင်း၊ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ဇာတ်ဝင်တေးသီချင်းများ ဖန်တီးသူ တေးရေး စောခူဆဲ၊ သရုပ်ဆောင် အောင်မြင့်ဗို၊ မေသက်ခိုင်၊ ခိုင်ဇာသွေး၊ ကြည်စိုး (IC)၊ ငှက်ပျောကြော်၊ ညောင်ညောင်နှင့် သုတတို့အားလည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က သရုပ်ဆောင်များဖြစ်ကြသည့် ပွင့်၊ ဆုမြတ်စန္ဒီ၊ ကလေးသရုပ်ဆောင် ယွန်းယွန်း၊ မမများ အဖွဲ့ကိုယ်စား သရုပ်ဆောင် မတူး၊ ကိုလူချောတို့အဖွဲ့ ကိုယ်စား သရုပ်ဆောင် သတိုးစောနှင့် လပ်ကီးဆဲဗင်းဗီဒီယိုထုတ်လုပ်ရေးမှ ဒေါ်အေးအေးဝင်းတို့အား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက "ဧရာဝတီရဲ့ မနက်ဖြန်" ဗီဒီယိုဇာတ်ကားတွင်ပါဝင်ကူညီခဲ့ကြသောရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်များ၊ အတတ်ပညာရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကိုတွဲဖက်ဒါရိုက်တာ ဟိန်းစိုးထံ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်"ဧရာဝတီရဲ့ မနက်ဖြန်" ဗီဒီယိုဇာတ်ကားတွင်ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များကိုယ်စား ဗီဒီယိုဇာတ်ကား ခံစားတင်ပြသူ ဒါရိုက်တာ ထပ်ဆင့် အကယ်ဒမီ စင်ရော်မောင်မောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တက်ရောက်လာကြသူများအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အခမ်းအနားတွင် ဧည့်ခံဖျော်ဖြေပေးသော ကရဝိက်နန်းတော် မြန်မာဆိုင်းဝိုင်းကြီးအဖွဲ့အတွက် ဂုဏ်ပြုဆုငွေကို ဆိုင်းဝိုင်းခေါင်းဆောင်ထံ ပေးအပ်ချီးမြှင့်ပြီး ဂုဏ်ပြုညစာစားပွဲကို ရုပ်သိမ်းလိုက်သည်။

ညစာစားပွဲ အပြီးတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီးများသည် ဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်လာကြသော ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်များ၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

## စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊ မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

## မိုးညိုမြို့ အ-ထ-က အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

ပဲခူးတိုင်း(အနောက်ပိုင်း) မိုးညိုမြို့ (အထက) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက် (စနေနေ့)မွန်းလွဲ ၁နာရီတွင် မိုးညိုမြို့(အထက)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံဆရာကြီး၊ဆရာမကြီးများနှင့် ကျောင်းသား၊ကျောင်းသူဟောင်းများ ကြွရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးအုန်းဟန် ဖုန်း-၅၆၆၂၂၁၊ ဦးကျော်စိုး ဖုန်း-၂၁၁၃၃၂၊ ဦးကင်းမိန် ဖုန်း-၅၇၃၆၅၅/၁၇၆၊ ဦးလှသန်း ဖုန်း-၅၈၄၃၉၀၊ ဦးအုန်းသော် ဖုန်း-၅၉၁၃၆၅၊ ဒေါ်မြင့်မြင့်မော် ဖုန်း-၅၇၀၈၈၉ နှင့် ဦးတင်အောင်ခိုင် မန္တလေးဖုန်း-၀၉၂၀၀၀၃၄၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



**အာဖဂန်နစ္စတန် နိုင်ငံတွင် အမေရိကန် ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့ ကင်းလှည့်ယာဉ် တစ်စီးအား တိုက်ခိုက်ပြီးနောက် အောင်ပွဲခံနေကြသော စစ်သွေးကြွများကို တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ကိုယ့်နိုင်ငံမှ ပြဿနာများကိုသာ ဦးစွာဖြေရှင်းရန် ချမ်းသာသောနိုင်ငံများအား ဘရာဇီးသမ္မတ တိုက်တွန်း

**ဝါရှင်တန် နိုဝင်ဘာ ၁၇**

ဘရာဇီးသမ္မတ လူးဝစ်အင်နာစီယို လူလာဒါဆီးလ်ဗားက ဖွံ့ဖြိုးပြီး ချမ်းသာသောနိုင်ငံများအား ၎င်းတို့၏ နိုင်ငံမှပြဿနာများကို ရှေးဦးစွာ ဖြေရှင်းကြရန် စနေနေ့က တိုက်တွန်းလိုက်သည်။ ယင်းကဲ့သို့ ဖြေရှင်းခြင်းသည်ကမ္ဘာ့ဘဏ္ဍာရေးပြဿနာ ပျံ့နှံ့လာခြင်းကိုကာကွယ်ရန် အကောင်းဆုံးသောနည်းလမ်း ဖြစ်ကြောင်း ပြောကြားသည်။

ကမ္ဘာ့ဘဏ္ဍာရေးပြိုကွဲမှု ပြဿနာပျံ့နှံ့မသွားစေရေးအတွက် အကောင်းဆုံးအဖြေသည် ချမ်းသာသောနိုင်ငံများက ကိုယ့်ပြဿနာကို ဖြေရှင်းရန်ဖြစ်ကြောင်း၊ ဆင်းရဲသောနိုင်ငံများတွင် ပြဿနာ မရှိကြောင်း၊ ပြဿနာသည် ချမ်းသာသောနိုင်ငံများတွင်သာ ရှိကြောင်း ဘဏ္ဍာရေးဈေးကွက်နှင့် ကမ္ဘာ့စီးပွားရေးညီလာခံတွင် တက်ရောက်နေစဉ်သမ္မတ လူလာက ပြောကြားခြင်းဖြစ်သည်။

**ရှာဖွေမရနိုင်**

အမေရိကန်ပြည်ထောင်စုနှင့်ဥရောပသမဂ္ဂနိုင်ငံများ၏ စီးပွားရေးမူဝါဒ၏ နာတာရှည်ပြဿနာများကို မဖြေရှင်းဘဲနှင့် လက်ရှိပြဿနာအား သက်သာစေသော နည်းလမ်းများကို ရှာဖွေ၍မရနိုင်ကြောင်းသတင်းထောက်များအား ဂျီ-၂၀ခေါင်းဆောင်များနှင့် ဆွေးနွေးပွဲ မကျင်းပမီ သမ္မတလူလာက ပြောကြားသည်။

ဂျီ-၂၀ အုပ်စု၏ ယာယီဥက္ကဋ္ဌဖြစ်သော လူလာသည် ကမ္ဘာ့စီးပွားရေးနှင့် ကမ္ဘာ့ဘဏ္ဍာရေး၏ စည်းမျဉ်းများကို မျှတစွာဖြစ်ရန်လည်း တောင်းဆိုလိုက်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ရိုမေးနီးယားအနောက်ပိုင်းရှိ ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ် ၁၂ ဦးသေဆုံး၊ ၁၁ ဦးဒဏ်ရာရ

**ဘူခါရက် နိုဝင်ဘာ ၁၇**

ရိုမေးနီးယားနိုင်ငံ အနောက်ပိုင်း ဟွန်ဒိုရာစီရင်စုတွင် ပါဝင်သည့် ပတ်ထရီလာဒေသရှိ ကျောက်မီးသွေးတွင်း တစ်ခုတွင် နိုဝင်ဘာ ၁၅ ရက်က ပြင်းထန်သောပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ အလုပ်သမား ၁၂ ဦး ထက်မနည်း သေဆုံးခဲ့ပြီး အခြား ၁၁ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု အင်တာနက်သတင်းတွင်ဖော်ပြသည်။

မိုင်းတွင်းအတွင်း မီသိန်းဓာတ်ငွေ့ ပမာဏလွန်ကဲစွာ ဖြစ်တည်မှုကြောင့် ယခုကဲ့သို့ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဒေသစံတော်ချိန် ညနေ ၃ နာရီခန့်တွင် ပထမဆုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ရှစ်ဦးသေဆုံးကာ အခြားရှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိပြီး ဒေသစံတော်ချိန် ညနေ ၆နာရီ မိနစ်၄၀ တွင် ဒုတိယအကြိမ် ထပ်မံပေါက်ကွဲခဲ့ရာ အခြားလေးဦးသေဆုံးခဲ့ရသည်။

ဒုတိယအကြိမ် ပေါက်ကွဲမှုတွင် သေဆုံးခဲ့ရသူများမှာ ကယ်ဆယ်ရေးဝန်ထမ်းများဖြစ်ကြပြီးကယ်ဆယ်ရေးဝန်ထမ်းသုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ကျောက်မီးသွေးတွင်းမှ နှစ်စဉ် ကျောက်မီးသွေးတန်ချိန် ၃၉၀၀၀၀ ထွက်ရှိလျက်ရှိပြီး အလုပ်သမား ၁၄၉၀ ဦးနှင့် လုပ်ငန်းလည်ပတ် နေသည်ဟုဆိုသည်။

***အင်တာနက်။***



**ရိုမေးနီးယားနိုင်ငံ အနောက်ပိုင်း ပတ်ထရီလာဒေသရှိ ပေါက်ကွဲမှု ဖြစ်ပွားသော ကျောက်မီးသွေးတွင်း ဒေသကို နိုဝင်ဘာ ၁၆ရက်က ညအချိန် တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

## ကြေးမုံ The Mirror
## နိုင်ငံတကာသတင်းများ

# ဂျပန်ကုန်တင်သင်္ဘောအား ဆိုမာလီပင်လယ်ဓားပြများ ဖမ်းဆီး

**ဆိုးလ် နိုဝင်ဘာ ၁၇**

ဆိုမာလီနိုင်ငံ ကမ်းရိုးတန်းတွင် နိုဝင်ဘာ ၁၅ရက်က ဂျပန်ကုန်တင်သင်္ဘောတစ်စင်းအား ပင်လယ်ဓားပြများဖမ်းဆီးခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံယွန်ဟပ်သတင်းဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ယင်းကုန်တင်သင်္ဘောတွင် တောင်ကိုရီးယားနိုင်ငံသား ငါးဦးအပါအဝင် သင်္ဘောသား၂၃ဦးလိုက်ပါလာကြောင်း ထိုသတင်းဌာနက ပြောကြားသည်။

ပင်လယ်ဓားပြများနှင့်သင်္ဘောသားများ၏ ဘေးကင်းမှု အခြေအနေ အသေးစိတ်ကို မသိရသေးချေ။

ကမ္ဘာတွင် အန္တရာယ်အများဆုံး အေဒင်ပင်လယ်ကွေ့သည်ရေကြောင်းလိုင်းများသွားလာမှု အစည်ကားဆုံးဒေသဖြစ်ပြီးယခုနှစ်အတွင်း သင်္ဘော ၃၀ ကျော်ကို ဆိုမာလီပင်လယ်ဓားပြများကဖမ်းဆီးခဲ့သည်။***အင်တာနက်။***

# အီရတ်မြောက်ပိုင်း၌ အသေခံကားဗုံးပေါက်ကွဲ ၁၁ဦး သေဆုံးပြီး ၃၆ဦး ဒဏ်ရာရရှိ

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၇**

အီရတ်နိုင်ငံ နင်နီဗာ့ချ်ပြည်နယ် တယ်အက်ဖာမြို့ရှိ ဈေးတစ်ခု၌ နိုဝင်ဘာ၁၅ရက်ကအသေခံကားဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ၁၁ ဦး သေဆုံးပြီး ၃၆ ဦး ဒဏ်ရာရရှိ ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

မိုဆူးမြို့ အနောက်ဘက် ကီလိုမီတာ ၇၀ အကွာရှိ တယ်အက်ဖာမြို့ စည်ကားသော ဈေးတစ်ခုအတွင်း မွန်းလွဲပိုင်းက အသေခံကားဗုံး ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဘဂ္ဂဒက်မြို့ မြောက်ဘက်ကီလိုမီတာ၄၀၀ခန့်အကွာရှိ နင်နီဗာ့ချ်ပြည်နယ်နှင့် ယင်း၏ မြို့တော် မိုဆူးသည် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားစဉ်က အယ်လ်ခိုင်ဒါစစ်သွေးကြွများ ကြီးစိုးရာဒေသ တစ်ခုဖြစ်သည်။ ***အင်တာနက်။***



**အီရတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော မငြိမ်မသက်မှုများကြောင့် ပြည်သူတစ်ဦး သောကဒုက္ခများ ကြုံတွေ့နေစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# အီရတ်အနောက်ပိုင်း၌ အမေရိကန် မရိမ်းတပ်ဖွဲ့ဝင် သေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၇**

အီရတ်နိုင်ငံ အနောက်ပိုင်း အင်ဘာပြည်နယ်တွင် လမ်းဘေးဗုံးဖြင့် တိုက်ခိုက်မှုကြောင့် အမေရိကန် မရိမ်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း စနေနေ့တွင် အမေရိကန်စစ်ဘက်က ပြောကြားသည်။

သောကြာနေ့ စောစောပိုင်းက ၎င်းတပ်ဖွဲ့ဝင်၏ ယာဉ်အား လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခံရမှုကြောင့် ဒဏ်ရာရရှိရာမှ သေဆုံးခဲ့ကြောင်း စစ်ဘက်က ပြောကြားသည်။ ၂၀၀၃ ခုနှစ် မတ်လက အမေရိကန်တို့ ဦးဆောင်ကာကျူးကျော်ဝင်ရောက်စဉ်ကတည်းက အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၄၁၉၈ ဦး သေဆုံးခဲ့ပြီးဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ် ကိန်းဂဏန်းများအရ သိရသည်။

***အင်တာနက်။***



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# အာဖဂန်နစ္စတန်တွင် နိုင်ငံစုံတပ်ဖွဲ့အား ပစ်မှတ်ထား၍ တိုက်ခိုက်မှုများဖြစ်

**ဟီရတ် နိုဝင်ဘာ ၁၇**

အာဖဂန်နစ္စတန်အနောက်ပိုင်းတွင် နိုဝင်ဘာ ၁၆ ရက်က စစ်ဘက်ယာဉ်တန်းတစ်ခုအား တာလီဘန်များက အသေခံကားဗုံးဖြင့် တိုက်ခိုက်ခဲ့ရာ အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်းနှင့် ယင်းနေ့မှာပင် အခြားဗုံးပေါက်ကွဲမှု ဖြစ်စဉ်ကြောင့် နေတိုးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း စစ်ဘက်က ပြောကြားသည်။

နိုဝင်ဘာ ၁၄ ရက်နှင့် နိုဝင်ဘာ ၁၅ ရက်တို့တွင် အမေရိကန်တပ်ဖွဲ့၏ ထိုးစစ်ဆင်မှုကြောင့် စစ်သွေးကြွ ၁၀ ဦး သေဆုံးခဲ့သည်။

ဟီရတ်မြို့အနောက်ဘက် ဆင်ခြေဖုံးတစ်ခုတွင် အသေခံဗုံးဖြင့် တိုက်ခိုက်ခံရသဖြင့် အစိုးရတပ်ဖွဲ့ဝင် အများအပြား သေဆုံးခဲ့သည်ဟု တာလီဘန်များက ပြောကြားသည်။

**ဖမ်းဆီးနိုင်**

တစ်ချိန်တည်းမှာပင် ပါကစ္စတန် နယ်စပ် ပတ်တီရာပြည်နယ် အရှေ့ပိုင်းတွင် အစိုးရအဖွဲ့က ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ အယ်လ်ခိုင်ဒါ စစ်သွေးကြွ ငါးဦးသေဆုံးကြောင်း စစ်ဘက်က ကြေညာသည်။ ကိုဟိုစ်ပြည်နယ်တွင်လည်း အစိုးရအဖွဲ့က စစ်ဆင်ရေးဆင်နွှဲကာ စစ်သွေးကြွဟု သံသယရှိသူ ၁၀ ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ ***အင်တာနက်။***

# အီရတ်တွင် အမေရိကန်ရဟတ်ယာဉ်ပျက်ကျ နှစ်ဦးသေဆုံး

**မိုဆူး နိုဝင်ဘာ ၁၇**

အီရတ်နိုင်ငံ မိုဆူးမြို့၌ နိုဝင်ဘာ ၁၅ရက်က အမေရိကန်စစ်ဘက် ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်းစစ်ဘက်ကပြောကြားသည်။

အဆိုပါ အိုအိပ်ချ်-၅၈ ကီအိုဝါဝါရီရာ အမျိုးအစား အပေါ့စားရဟတ်ယာဉ်သည် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၀မိနစ်တွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး ရဟတ်ယာဉ် ပျက်မကျမီ အချိန်ပိုင်းကလေးအတွင်းတွင် ကြေးနန်းစနစ်ဖြင့် အဆက်အသွယ်ပြုခဲ့သေးသည်ဟု ဆိုသည်။

ရဟတ်ယာဉ်ပျက်ကျမှုတွင်အကြမ်းဖက်ခံရသည့် အနေအထားမျိုး မတွေ့ရကြောင်းနှင့် ရဟတ်ယာဉ်မှူးတစ်ဦးမှာ သေဆုံးသွားသည်ဟု ယူဆရကာ အခြားတစ်ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

အောက်တိုဘာ ၄ ရက်ကလည်း အမေရိကန် သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်နှစ်စင်း ဆင်းသက်စဉ် မြေပြင်နှင့် အရှိန်ပြင်းစွာ ဆောင့်မိခဲ့ရာ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့သည်။

***အင်တာနက်။***

## ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ



**အိန္ဒိယနိုင်ငံ ဘင်္ဂလားမြို့တွင် ကျင်းပသည့် စိုက်ပျိုးရေးပြပွဲမှ အောင်မြင်နေသော နေကြာစိုက်ခင်းကို နိုဝင်ဘာ ၁၄ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# လက်ကိုင်ဖုန်းဈေးကွက်၏ အခြေအနေ ၂၀၀၉ ခုနှစ်တွင် ရောင်းအားကျမည်ဟု ခန့်မှန်း

**ဟယ်လ်ဆင်ကီး နိုဝင်ဘာ ၁၇**

ကမ္ဘာ့စီးပွားရေး နေးကွေးလာမှုကြောင့် ကမ္ဘာ့လက်ကိုင်ဖုန်း ဈေးကွက်တွင် ဝယ်လိုအား ကျဆင်းလာသဖြင့် လက်ကိုင်ဖုန်းရောင်းချရမှုသည် စတုတ္ထလေးလပတ်တွင် အရောင်း လျော့သွားပြီး ၂၀၀၉ ခုနှစ်တွင် လည်းဆက်လက်၍အရောင်းကျဆင်းဖွယ်ရှိကြောင်း ထိပ်တန်းလက်ကိုင်ဖုန်းထုတ်လုပ်သော ကုမ္ပဏီကြီး ဖြစ်သည့် နိုကီယာက နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

လက်ကိုင်ဖုန်း အရောင်းပမာဏသည် ၂၀၀၈ ခုနှစ်တွင် အလုံးရေ ၁၃သမ၂၆ ဘီလီယံရောင်းချရမည်ဟု မူလက ခန့်မှန်းထားသော်လည်း ယခုအခါ ထိုခန့်မှန်းချက်ကို ပြင်ဆင်၍ ဖုန်းအလုံးရေ ၁၃သမ၂၄ ဘီလီယံသာရောင်းချရမည်ဟုပြင်ဆင်ခန့်မှန်းထားသည်။ ဈေးကွက်တွင် တယ်လီဖုန်းများသာအရောင်းကျမည်မဟုတ်ဘဲ ဆက်သွယ်ရေးလုပ်ငန်းသုံး ပစ္စည်းများလည်း အရောင်းကျဖွယ်ရာရှိကြောင်း လေ့လာဆန်းစစ်သူ တီရိကူတီနန်က ပြောကြားသည်။

ယူရိုငွေ အသုံးပြုသည့် ယူရိုဇုန် ၁၅ နိုင်ငံတို့၏ စီးပွားရေးသည် ဒုတိယမြောက် သုံးလပတ်ကာလတွင်လည်း ဆက်တိုက်ကျဆင်းလာလျက်ရှိသည်။ လောလောဆယ် ဖြစ်ပေါ်နေသောကမ္ဘာ့စီးပွားရေး အခက်အခဲသည် နှစ်ပေါင်း ၈၀ အတွင်း အဆိုးရွားဆုံးဖြစ်သည်ဟုဆိုသည်။ ထိုအခြေအနေများကြောင့် ကမ္ဘာတစ်လွှားရှိ စားသုံးသူများ၏ ဝယ်ယူစားသုံးလိုအားသည် သိသာစွာ လျော့နည်းသွားရကြောင်းနိုကီယာကုမ္ပဏီ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဒေါ်လာငွေ ဈေးနှုန်းနှင့် ယန်းငွေဈေးနှုန်းတို့ အားကောင်းနေသဖြင့် ဆက်သွယ်ရေးပစ္စည်းများ၏ ဈေးနှုန်းများ မြင့်တက်ခဲ့ရပြီး စားသုံးသူများ၏ ဝယ်လိုအားကို ထိခိုက်စေခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

လက်ကိုင်ဖုန်းများ၏ ရောင်းအားအခြေအနေသည် ဖွံ့ဖြိုးပြီး ဈေးကွက်များတွင် ပိုမိုဆိုးရွားမည်ဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ ဈေးကွက်တွင် အခြေအနေမှာ အတန်အသင့်သာ ဆိုးရွားမည်ဟု ခန့်မှန်းချက်တွင် ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# တူရကီတွင် မူးယစ်ဆေးဝါး ၄၁၅ ကီလို ဖမ်းမိ

**အန်ကာရာ နိုဝင်ဘာ ၁၇**

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ လွန်ခဲ့သော ရက် ၂၀ အတွင်း မူးယစ်ဆေးဝါး နှိမ်နင်းရေး ရဲတပ်ဖွဲ့က စစ်ဆင်ရေးဆင်နွှဲရာတွင် တရားမဝင် မူးယစ်ဆေးဝါး ၄၁၅ ကီလိုနှင့်အတူ လူ ၃၅၀ ကို ဖမ်းဆီးရမိခဲ့ကြောင်း အနာတိုလီယာသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

ဖမ်းဆီးရမိခဲ့သောမူးယစ်ဆေးဝါး များတွင်ဘိန်းဖြူ ၂၂၂ ကီလို၊ ဆေးခြောက် ၁၈၄ ကီလို၊ ကိုကင်း နှစ်ကီလိုနှင့်ထောင်ပေါင်းများစွာသောမူးယစ်ဆေးဝါးဆေးပြားများ ပါဝင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘီလီစစ်ပြည်နယ် အနောက်ပိုင်း သီးခြားစစ်ဆင်ရေး တစ်ခု၌ အမေရိကန်ဒေါ်လာ ၄၀၀၀၀ ခန့် တန်ဖိုးရှိသော ဘိန်းဖြူ ၂ ဒသမ ၅ ကီလိုနှင့် မူးယစ်ဆေးဝါးရောင်းဝယ်သူ တစ်ဦးကို ဖမ်းမိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖမ်းဆီးခြင်းခံရသောသူမှာ တရားမဝင် ကာ့ဒ်အလုပ်သမားပါတီ(ပီကေကေ) ၏ ကိုယ်စား ဆောင်ရွက်သူ ဖြစ်သည်ဟု စွပ်စွဲခံထားရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တူရကီသည် အရှေ့အလယ်ပိုင်းနှင့် အာရှဈေးကွက်မှ အနောက်ဥရောပသို့ မူးယစ်ဆေးဝါးများ သယ်ယူပို့ဆောင်ရာ အဓိက လမ်းကြောင်းပေါ်ရှိ ကြားစခန်းတစ်ခု ဖြစ်သည်ဟု ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**အသစ်ထွက်လာသည့် ကွမ်တမ်အော့ဖ်ဆိုးလေ့စ် ဂျိမ်းစ်ဘွန်း ဇာက်ကားသစ်မှ ဝင်ငွေစံချိန်တင်သော ဒယ်နီရယ်ဂရိတ်၍ ဂျိမ်းစ်ဘွန်း သရုပ်ဆောင်ဟန်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ဂျိမ်းစ်ဘွန်းဇာတ်ကားသစ် ဝင်ငွေအကောင်းဆုံးအခြေအနေ ရရှိ

**လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၁၇**

နောက်ဆုံးပေါ်ထွက်လာသည့် ကွမ်တမ်အော့ဖ်ဆိုးလေ့စ်အမည်ရှိ ဂျိမ်းစ်ဘွန်း ဇာတ်ကားသစ်သည် အမေရိကန် ရုပ်ရှင်ဈေးကွက်၌ စတင်ပြသသည့် သုံးရက်အတွင်း ရောင်းရငွေ အမေရိကန်ဒေါ်လာသန်း ၇၀ ရရှိခြင်းဖြင့် ဝင်ငွေစံချိန်ချိုးခဲ့ကြောင်း နိုဝင်ဘာ ၁၆ ရက်တွင် ထွက်ပေါ်လာသောသတင်းများက ဖော်ပြသည်။ ယခုဇာတ်ကားသည် ဂျိမ်းစ်ဘွန်းဇာတ်ကားများအနက် ၂၂ ခုမြောက် ဂျိမ်းစ်ဘွန်းဇာတ်ကားဖြစ်ပြီး မင်းသားသစ် ဒယ်နီရယ်ဂရိတ်ချ်က ဗြိတိသျှ အမ်အိုင် (၅) ထောက်လှမ်းရေးမှ စုံထောက်မင်းသား ၀၀၇ အဖြစ် သရုပ်ဆောင်ထားသည်။ ယင်းဇာတ်ကားကို ဆိုနီကုမ္ပဏီနှင့် အမ်ဂျီအမ်ကုမ္ပဏီတို့က ပူးတွဲရိုက်ကူးထုတ်လုပ်ခြင်းဖြစ်သည်။ ယခင်က ထုတ်လုပ်ခဲ့သော ဝင်ငွေအကောင်းဆုံး ဂျိမ်းစ်ဘွန်းရုပ်ရှင်ဇာတ်ကားမှာ ဒေါ်လာ ၄၇သန်း ရရှိသော ဒိုင်းအနားသားဒေးဇာတ်ကားဖြစ်သည်။ ***အင်တာနက်။***



**ကွန်ဂိုနိုင်ငံတွင် ဝမ်းရောဂါခံစားနေရသူ ၁၀၀၀ ခန့်ရှိသည့်အနက် ဝေဒနာသည် လူမမည်တစ်ဦးနှင့် မိခင်တို့ကိုတွေ့မြင်ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ရှားပါး ဖွတ်ကောင်ရေ ၇၀၀၀ ကျော်အား မလေးရှားအစိုးရ ကယ်တင်

**ကွာလာလမ်ပူ နိုဝင်ဘာ ၁၇**

စားသောက်ဆိုင်များနှင့် ဆေးဆိုင်များသို့ရောင်းချရန်ခိုးယူ သယ်ဆောင်လာသော ရှားပါးတိရစ္ဆာန်မျိုးနွယ်ဝင် ဖွတ်ကောင်ရေ ၇၀၀၀ ကျော်ကို မလေးရှားအာဏာပိုင်များက တားဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများက နိုဝင်ဘာ၁၃ ရက်တွင် ဖော်ပြသည်။

တောရိုင်းတိရစ္ဆာန်နှင့် အမျိုးသားဥယျာဉ်များဌာနမှ တာဝန်ရှိသူများသည် အဆိုပါဖွတ်များ သိုလှောင်ထားရာ လှောင်အိမ်ကြီးအား နှစ်ကြိမ်တိုင် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာမှ ယခုကဲ့သို့ ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း ယင်းဌာနမှ ညွှန်ကြားရေးမှူးချုပ် အဘူရတ်စ်ဆမ်ဆူဒင်က ဆိုသည်။

အလေးချိန် ၃၅ တန်ရှိသော အဆိုပါ ဖွတ် ၇၀၉၃ ကောင်အား တစ်ချီတည်းဖြင့် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ဖမ်းဆီးမိချိန်တွင် ယင်းတို့မှာ အသက်ရှင်လျက်ရှိသည်ဟု ဆိုသည်။

ဧင်းဖွတ်သတ္တဝါများကို ဝက်ဝံ၊ မြွေ၊ ဇီးကွက်နှင့် ဖြူးသတ္တဝါများကဲ့သို့ ရေခဲသေတ္တာအတွင်း၌ ထားကာ အကောင်လိုက်ချက်ပြုတ်စားသောက်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု သိရသည်။ ***အင်တာနက်။***

**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ တောင်ဘက်၌ ကျင်းပသည့် မီးငြိမ်းသတ်မှု လေ့ကျင့်ရေးပွဲတွင်ပါဝင်သည့်ရဟတ်ယာဉ် တစ်စင်းကို နိုဝင်ဘာ ၁၄ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



# ဆိုမာလီကမ်းလွန်ဒေသတွင် ပင်လယ်ဓားပြတိုက်ခိုက်မှုကို ကာကွယ်နိုင်ခဲ့ဟု နေတိုးပြောကြား

**ရောမ နိုဝင်ဘာ ၁၇**

ဆိုမာလီကမ်းလွန်အေဒင်ပင်လယ်ကွေ့ဒေသတွင်ပင်လယ်ဓားပြတိုက်ခိုက်မှု ခံရသဖြင့် ကုန်တင်သင်္ဘောတစ်စင်းက ဒုက္ခတွေ့နေကြောင်း သတင်းပေးခဲ့ရာ အီတလီရေတပ်မှ ဖျက်သင်္ဘောတစ်စင်းက တုံ့ပြန်အကူအညီပေးခဲ့ခြင်းဖြင့် ကာကွယ်တားဆီးနိုင်ခဲ့ကြောင်း မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) ကပြောကြားခဲ့သည်။

ပနားမားမှတ်ပုံတင် ကာတီအမည်ရှိ ကုန်သင်္ဘောတစ်စီးသည် ဆူးအက်တူးမြောင်းဆီသို့ စနေနေ့ မွန်းလွဲပိုင်းက ခုတ်မောင်းသည်ကို တွေ့ရသည်ဟု နေတိုးက ထုတ်ပြန်သည့် ကြေညာချက်တွင်ပါရှိသည်။ ***အင်တာနက်။***

# သီရိလင်္ကာတပ်ဖွဲ့များ အနောက်ဘက်ကမ်းခြေဒေသကို သိမ်းပိုက်ပြီ

**ကိုလံဘို နိုဝင်ဘာ ၁၇**

သီရိလင်္ကာ တပ်ဖွဲ့များသည် တမီးလ်ကျားသူပုန်များ ကြီးစိုးခဲ့သော အနောက်ဘက်ကမ်းခြေဒေသတစ်ခုလုံးကို နိုဝင်ဘာ ၁၅ ရက်က သိမ်းပိုက်နိုင်ခဲ့ကြောင်း စစ်ဘက်သတင်းများက ဖော်ပြသည်။

သိမ်းပိုက်ခံရသောနယ်မြေတွင် ကျားသူပုန်များ၏ အမြောက်စခန်းတည်ရှိရာ ပုန်နီရာဒေသလည်း ပါဝင်သည်။ ၁၉၉၃ ခုနှစ်က ထိုးစစ်ဆင်ရာတွင် သူပုန်များက ထိုအမြောက်စခန်းကို အသုံးပြု၍ သီရိလင်္ကာ တပ်ဖွဲ့များကို ဟန့်တားခဲ့သည်။

ပုန်နီရာဒေသကို သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်၍ ယခုအခါ အစိုးရတပ်ဖွဲ့များသည် သူပုန်များ၏ မြို့တော် ကီလီနိုချိကို သုံးဘက်သုံးတန်မှ ပိတ်ဆို့တိုက်ခိုက်နိုင်သည့် အခြေအနေ ရှိသွားပြီဖြစ်သည်။ ၁၉၈၃ ခုနှစ်မှစ၍ ရေတွက်လျှင် ကျားသူပုန်များထကြွမှုကြောင့် သီရိလင်္ကာနိုင်ငံတွင် အနည်းဆုံး ပြည်သူပေါင်း ၇၀၀၀၀ အသက်ဆုံးရှုံးခဲ့ရပြီ ဖြစ်သည်။

သီရိလင်္ကာတပ်ဖွဲ့သည် ယခုအခါတွင် ပုန်နီရာ ဒေသကိုသာ သိမ်းပိုက်ထားနိုင်သည်သာမက ပုန်နီရာ-ပါရာသန် သွားရာလမ်းကိုလည်း စိုးမိုးထားနိုင်ပြီ ဖြစ်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ဥဒယားနာနာယာကာရ ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဦးနှောက်၌ အရေးပေါ်ဖြစ်တော့မည့် လက္ခဏာများ

ဒေါက်တာ ကံညွန့်

စနေနေ့ တစ်ရက်၏ နံနက် ၅ နာရီခွဲ။ ဂေါက်သီးရိုက်ကစားရန် လုပ်ဖော်ကိုင်ဖက်ဆရာဝန်ကြီး သုံးဦးနှင့် ၅ နာရီခွဲ စထွက်ရန် တစ်နေ့က ပဲ ပြောထားပြီးပြီ။ သို့သော် သူငယ်ချင်း ဆရာဝန်ကြီးတစ်ဦးမှာ ပေါ်မလာ။ တီခုံတွင် လာနိုး လာနိုး စောင့်ရင်း ၅ နာရီ ၄၅ မိနစ်၊ ၆ နာရီ ဖြစ်သွားပြီ။ ယင်းအချိန်တွင် ကောင်တာမှုဝန်ထမ်းလေးတစ်ဦးက လာပြောသည်။ သူငယ်ချင်းမှာ နေမကောင်း၍ မလာနိုင်တော့ကြောင်း။ ထိုနေ့က သုံးယောက်ပဲကစားပြီး နေ့လယ်လောက်မှာ အကျိုးအကြောင်း သိရအောင် သူငယ်ချင်းအိမ် ဖုန်းလှမ်းဆက်ကြည့်သည်။ သူငယ်ချင်းမှာ ခေါင်းကိုက်ရာမှ နေမကောင်းပိုဖြစ်လာ၍ သတိ မရတစ်ချက်၊ ရတစ်ချက်ဖြင့် ဆေးခန်းကြီးတစ်ခုတွင် တင်ထားရကြောင်း၊ ယင်းဆေးခန်းမှ ဦးနှောက်နှင့် အာရုံကြော ဆရာဝန်ကြီး၏ ညွှန်ကြားချက်ဖြင့်ပင် ယနေ့ ညနေ လေယာဉ်ခရီးစဉ်ဖြင့် စင်ကာပူနိုင်ငံသို့ သွားရောက်ကုသရန် စီစဉ်ထားကြောင်း သိရတော့သည်။

ကျန်းကျန်းမာမာနှင့် နှစ်ရှည်လများစွာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့ တိုင်း အတူတူဂေါက်ရိုက်နေသော သူငယ်ချင်း ဖြုန်းစားကြီး ယခုလိုဖြစ်သွားသည်ဟု ကြားရသောအခါ စိတ်မကောင်း၊ ဘာဖြစ်တယ်ဆိုတာ သိချင်တာနဲ့ သူရှိရာ ဆေးခန်းသို့အမီ သွားကြည့်လိုက်သည်။ ကံကောင်းထောက်မစွာ စာရေးသူရောက်သွားချိန်မှာ သူငယ်ချင်းမှာ သတိရနေသည်။ ခုတင်ပေါ်တွင် ဆေးသွင်းထားရပြီး ညှိုးငယ်နွမ်းလျနေသော သူငယ်ချင်းမျက်နှာမှာ ဘယ်မျက်လုံးကလေးက အတွင်းစွေစွေနေလေသည်။ အနားတွင် ထိုင်စောင့်နေသော ဇနီးသည်ကို မေးကြည့်တော့ မနက်စောစော ခေါင်းအကြီးအကျယ်ကိုက်၍ အိပ်ရာမှ နိုးလာကြောင်း၊ အိမ်မှာရှိနေသော Paracetamol, Voltran စသည့် အကိုက်အခဲပျောက်ဆေးများ စားကြည့်သည်။ သို့သော် စားသာ စားသည် ဘာမှထူးမလာကြောင်း၊ သက်သာမလားစောင့်ရင်း ပိုဆိုးလာကြောင်း၊ နောက် ခေါင်းမူးသလိုဖြစ်ပြီး သတိလစ်ချင်သလိုဖြစ်လာ၍ အိမ်မှာအတူနေသော သမီးနှင့်သမက်ကို လုပ်ဖော်ကိုင်ဖက် ဦးနှောက်နှင့် အာရုံကြော ဆရာဝန်ကြီးထံ ဖုန်းဆက်၍ အကြံဉာဏ်တောင်းရာ သူက ချက်ချင်းလာကြည့်ကြောင်း၊ ကြည့်ပြီးစမ်းသပ်စစ်ဆေးတော့မှ ဦးနှောက်ထဲတွင် သွေးကြောစိမ့်၍ ပေါက်နေကြောင်း ပြောပြတော့သည်။

ထိုအဖြစ်အပျက်များမှာ လွန်ခဲ့သော ခြောက်လခန့်က ဖြစ်ပါသည်။ ယခုတော့မူ သူငယ်ချင်းမှာ ရောဂါကို စောစောသိ၍ အချိန်မီဆေးကုသမှု ခံယူလိုက်နိုင်သည့်အတွက် အကောင်းပကတိ ပြန်ဖြစ်နေပြီ။ ရောဂါဖြစ်စဉ်က အနည်းငယ်အတွင်းစွေ စွေသွားသည့် မျက်စိကလည်း ပြန်တည့်နေပြီ။ ယခင်က ပုံရိပ် နှစ်ခုစီဖြစ်နေ၍ ပိတ်ထားရသောဘက်ကလည်း အခုဆို အကောင်းပကတိ ဖြစ်နေပြီ။ ပိတ်ထားစရာပင် မလိုတော့။

သူငယ်ချင်းအကြောင်းကို တွေးမိတော့မှ ဦးနှောက်တွင် ဖြစ်တတ်သော အရေးပေါ်ရောဂါများ၏ လက္ခဏာများကို အများပြည်သူတို့ သတိထားမိရန် ရေးသားသင့်ကြောင်း သဘောပေါက်မိသည်။ ထို့ကြောင့် ဤဆောင်းပါးကို ရေးလိုက်ရပါသည်။

ဦးနှောက်တွင် အရေးပေါ်ဖြစ်တတ်သည့် ရောဂါများမှာ သွေးကြောပေါက်ခြင်း (Cerebral Haemorrhage)၊ သွေးကြောပိတ်ခြင်း (Cerebral Infarct)၊ ဦးနှောက်အမြှေးရောင်ခြင်း (Meningitis) နှင့် ဦးနှောက်တွင်း ရေဖိအား တက်ခြင်း (Increased Intracranial pressure) ရောဂါတို့ ဖြစ်ပါသည်။

၎င်းရောဂါလေးမျိုးအနက် ပထမဦးဆုံးဖြစ်သည့် သွေးကြောပေါက်ခြင်းရောဂါမှာ အသက်အရွယ်ကြီးသူများ၊ သွေးတိုး၊ ဆီးချိုရောဂါရှိသူများတွင် ပိုဖြစ်တတ်သည်။ Aneurysm ခေါ် သွေးကြောဖောင်းရောဂါရှိသူများတွင်မူ အသက်အရွယ်မရွေး ဖြစ်တတ်ကြပါသည်။ ၎င်းရောဂါဖြစ်တော့မည်ဆိုလျှင် ပထမဦးစွာ နေ့စဉ်မသိမသာ ခေါင်းကိုက်နေတတ်သည်။

**ခေါင်းကိုက်ပျောက်အောင် အကိုက်အခဲပျောက်ဆေးသောက်ခြင်း၊ သွေးတိုင်း၍ သွေးတိုးလျှင် သွေးကျဆေးစားခြင်း၊ မျက်မှန်ပါဝါစမ်းသပ်တပ်ဆင်ခြင်းတို့ပြုလုပ်ပါသော်လည်း ခေါင်းကိုက်ခြင်းမှာ မပျောက်ဘဲ တဖြည်းဖြည်း ပိုဆိုးလာတတ်ပါသည်။ ထိုအချိန်မျိုးတွင် သွေးတိုးတက်ခြင်း၊ ဝမ်းချုပ်၍ ညှစ်ရခြင်း၊ နှာချေခြင်းစသည့် အားစိုက်ရသည့် ကိစ္စတစ်ခုခုပေါ်လာပါက သွေးကြောပေါက်ရသည့် အခြေအနေသို့ ရောက်လာပြီး ခေါင်းကိုက်ခြင်းမှာ မခံမရပ်နိုင်အောင် ဖြစ်လာပါတော့သည်။ ပြီးမှခေါင်းမူးခြင်း၊ မျက်စိပုံရိပ်နှစ်ခုဖြစ်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်လာတတ်ပါသည်။ ထိုအခြေအနေမျိုးတွင် နီးစပ်ရာဆေးရုံ၊ ဆေးခန်းတစ်ခုခုသို့ အမြန်ရောက်အောင် သွားသင့်ပါသည်။**

ဒုတိယဖြစ်သည့် သွေးကြောပိတ်ခြင်းရောဂါမှာ နှလုံးရောဂါ၊ သွေးနှင့် ပတ်သက်သော ရောဂါ၊ ဆီးချိုသွေးတိုးရောဂါရှိသူများတွင် အသက်အရွယ်မရွေးဖြစ်တတ်၍ တချို့ဦးနှောက်ရောင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ရှူမင်တွိုက်ခေါ် အရိုးအဆစ်ရောဂါရှိသူများတွင်လည်း ဖြစ်တတ်ပါသည်။ ရောဂါလက္ခဏာမှာ ပိတ်သည့်သွေးကြော၏ ဧရိယာပေါ်တွင် မူတည်၍ ဖြစ်တတ်ပါသည်။ ထိုသို့ဖြစ်တော့မည်ဆိုလျှင် ပထမဆုံးဖြစ်တတ်သည့် လက္ခဏာမှာ ခေါင်းကိုက်ခြင်း၊ အော့အန်ခြင်း၊ ဇက်ကြောတင်းခြင်း၊ တစ်ခါတစ်ရံမျက်စိပြုန်းခနဲ မှုန်သွားပြီး ပြန်ကောင်းလာခြင်းတို့ဖြင့် အစပြုတတ်ပြီး တခြားလက္ခဏာများမှာ သွေးကြောပိတ်သည့် ဧရိယာတွင် မူတည်၍ ကိုယ်တစ်ခြမ်းလေဖြတ်သကဲ့သို့ဖြစ်ပြီး စကားမပီခြင်း၊ မျက်စိ သူငယ်အိမ် တစ်ဖက်ကျဉ်းတစ်ဖက်ကျယ်ဖြစ်ကာ မညီညာခြင်း၊ ကိုယ်တစ်ခြမ်းသာချွေးထွက်၍ ကျန်တစ်ခြမ်းချွေးမထွက်ခြင်း၊ မျက်ခမ်းအနည်းငယ်ကျကာ မှေးသွားခြင်း၊ ကြို့ထိုးသလိုဖြစ်ခြင်းတို့ ဖြစ်တတ်ပါသည်။

တတိယရောဂါဖြစ်သည့် ဦးနှောက်အမြှေးရောင်ရောဂါမှာ အသက်ကြီးငယ်အရွယ်မရွေးဖြစ်တတ်သည်။ အသက်ငါးနှစ်အောက် ကလေးများနှင့်အသက်(၆၀)ကျော်အရွယ်ရှိသူများ၊ ကိုယ်ခံအားနည်းသူများတွင် ပိုဖြစ်တတ်ပါသည်။ ဘက်တီးရီးယား၊ ဗိုင်းရပ်စ်၊ ဖန်ဂျိုင်းစသည့် ပိုးမွှားတစ်မျိုးမျိုးသွေးမှတစ်ဆင့် ဦးနှောက်ထဲရောက်သွား၍ ရောင်ရမ်းရသည့် ရောဂါဖြစ်သည်။ တချို့လူများတွင် ကင်ဆာရောဂါ၊ ဦးနှောက် သွေးယိုရောဂါ၊ ဆာကွိုက်ရောဂါတို့နှင့်လည်း ပူးတွဲဖြစ်တတ်ပါသည်။ တချို့ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခုတွင် ပြည်တည်ရောင်ရမ်းခြင်း၊ ဥပမာ-အရေပြား၊ အရိုး၊ နားပြည်ယိုရောဂါရှိသူများတွင်လည်း သွေးမှတစ်ဆင့် ရောဂါပိုး ဦးနှောက်သို့ရောက်ကာ ဖြစ်တတ်ပါသည်။ ရောဂါဖြစ်ပွားပုံမှာ ပိုးမွှား၏အစွမ်းထက်မှု၊ လူနာ၏ ကိုယ်ခံစွမ်းအား ကျဆင်းမှုတို့နှင့်လည်း သက်ဆိုင်ပါသည်။ အဆုတ်ရောင်ရောဂါ၊ တီဘီ၊ ငှက်ဖျားစသည့် ရောဂါတစ်ခုခုကြောင့် ဖျားပြီး ဦးနှောက်အမြှေးရောင်ရောဂါဖြစ်လာပါက ရုတ်တရက် အဖျားတက်ကာ ဇက်ကြောတောင့်ခြင်း၊ ခေါင်းအကြီးအကျယ်ကိုက်ခြင်း၊ အော့အန်ခြင်း၊ ကယောင်ချောက်ချားဖြစ်ခြင်း၊ မျက်ဖြူလန်ခြင်း၊ မျက်စိနေရောင်ကြောက်ခြင်း၊ အသက်ရှူမမှန်ခြင်းတို့ဖြစ်ကာ သတိလစ်သွားတတ်ပါသည်။ ထို့ကြောင့် မည်သည့်အဖျားမျိုးဖြစ်စေ၊ သီတင်းလေးပတ်ကြာမျှ ဆက်တိုက်ဖျားနေပါက သက်ဆိုင်ရာ အထူးကုသမားတော်ကြီးများနှင့် ပြသ၍ဆေးကုသမှုခံယူသင့်ပါသည်။ နားပြည်ယိုခြင်း၊ Sinusitis ခေါ် နှာခေါင်းဘေးတွင် ပြည်တည်ခြင်းနှင့် တခြားပြည်တည်ရောင်ရမ်းသော အနာတစ်ခုခုရှိပါကလည်း ပေါ့ဆမနေဘဲ ဆေးကုသမှုခံယူခြင်းကို စောစီးစွာ ပြုလုပ်သင့်ပါသည်။

စတုတ္ထရောဂါဖြစ်သည့် ဦးနှောက်တွင် ရေဖိအားတက်ခြင်းမှာ ဦးနှောက်တွင် ရေလမ်းကြောင်း ပိတ်ဆို့မှုကြောင့် လည်းကောင်း၊ ဦးနှောက်တွင် ထိခိုက်ဒဏ်ရာတစ်ခုခုဖြစ်စေ၊ သွေးကြောပေါက်၍ဖြစ်စေ၊ သွေးတိုး၍ ဖြစ်စေ၊ သွေးခဲသွေးကျိတ်ပေါ်၍ဖြစ်စေ၊ ပြည်တည်၍ ဖြစ်စေ၊ ကင်ဆာကဲ့သို့ အဖုအကျိတ် တစ်ခုခုပေါ်၍ ဖြစ်စေ၊ ရေဖိအားမြင့်တက်လာ၍လည်းကောင်း ဖြစ်ရသောရောဂါဖြစ်ပါသည်။ သို့သော် ဤရောဂါမှာ ထူးဆန်းသည်။ တချို့လူများတွင် မဆီမဆိုင်ဆေးဝါးများကြောင့်လည်း မထင်မှတ်ဘဲ ဖြစ်တတ်သည်။ ဥပမာ-ဗီတာမင်အေကို အမြောက်အမြား စားသုံးမိသူများ၊ တက်ထရာဆိုင်ကလင်းလိုပိုးသတ်ဆေးနှင့်မတည့်ဘဲ ပိုမိုစားသုံးမိသူများ၊ ပဋိသန္ဓေတားဆေးများ အချိန်ကြာမြင့်စွာ စားသုံးသူများတွင်လည်း ထိုရောဂါမျိုးဖြစ်တတ်ကြောင်း ရံဖန်ရံခါ တွေ့ရတတ်ပေသည်။

ထိုသို့ စဖြစ်ပြီဆိုလျှင် စိတ်မမှန်ဖြစ်ခြင်း၊ တစ်ခါတစ်ရံ သတိလစ်ခြင်း၊ ခေါင်းကိုက်ခြင်း (ခေါင်းကိုက်ခြင်းမှာ တစ်ခုခုညှစ်လိုက်လျှင် ပိုဆိုးခြင်း)၊ အော့အန်ခြင်း (အော့အန်ခြင်းမှာ ရိုးရိုးအန်ခြင်းမဟုတ်ဘဲ ထိုးထိုး အန်ခြင်း)၊ လှုပ်ရှားမှုလေးလံခြင်း၊ စကားပြောရာတွင် အာလေးလျှာလေးဖြစ်လာခြင်း၊ သွေးကြောပေါက်သူများတွင် ဇက်လေးဇက်တောင့်ဖြစ်နေခြင်း၊ သွေးခုန်နှုန်းကျဆင်းလာခြင်း၊ သွေးပေါင်တက်ခြင်းတို့ ဖြစ်လာပြီး တဖြည်းဖြည်း ပြင်းထန်လာသောအခါ မျက်စိမှုန်ခြင်း၊ သတိလစ်ခြင်း၊ အသက်ရှူမမှန်ခြင်းတို့ ဖြစ်လာတတ်သည်။ ရံဖန်ရံခါ မျက်စိအပြင်စွေခြင်း သို့မဟုတ် အတွင်းစွေခြင်းတို့ပါ ဖြစ်တတ်ပါသည်။

**ထို့ကြောင့် သွေးတိုးရောဂါရှိသူ တစ်ဦးဖြစ်စေ၊ ဦးနှောက်တွင် ဒဏ်ရာရသူ တစ်ဦးဖြစ်စေ၊ သာမန်လူ တစ်ဦးတွင်ဖြစ်စေ ထိုရောဂါလက္ခဏာမျိုးပေါ်လာပါက ဦးနှောက်နှင့်အာရုံကြောဌာနသို့ အမြန်ဆုံးသွားရောက် ပြသသင့်ပါသည်။ တချို့လူများတွင် နှာစေးအအေးမိရာမှ မျက်နှာတစ်ခြမ်းလေဖြတ်သလိုဖြစ်၍ မျက်စိပိတ်၍မရခြင်း၊ ပါးတစ်ခြမ်းရွဲ့ခြင်းတို့ ရှိတတ်ပါသည်။ ၎င်းအခြေအနေမျိုးတွင် မျက်စိကိုပိတ်၍ မရသဖြင့် မျက်ကြည်လွှာထိခိုက်ကာ အမြင်အာရုံဆုံးရှုံးတတ်သဖြင့် သက်ဆိုင်ရာ ဦးနှောက်နှင့်အာရုံကြောဆရာဝန်အပြင် မျက်စိဆရာဝန်များနှင့်ပါ ပြသ၍ ကုသမှုခံယူသင့်ကြပါသည်။**

ယခင်အခါများကဆိုလျှင် ထိုသို့ဖြစ်နေသူတစ်ဦးကို မည်သည့်နေရာတွင် အဖုအကျိတ်၊ သွေးခဲရှိကြောင်းကို ရောဂါလက္ခဏာများ စမ်းသပ်စစ်ဆေးခြင်းဖြင့်သာ ဖော်ထုတ်နိုင်ခဲ့ကြသော်လည်း ယခုအခါ C.T (Computerized Tomography MRI) (Magnetic Resonance Imaging) စသည့် ခေတ်မီစမ်းသပ်ကိရိယာများ ပေါ်ပေါက်နေပြီဖြစ်ရာ ရောဂါဖြစ်သည့်နေရာကို အမြန်စမ်းသပ်တွေ့ရှိနိုင်ပြီ ဖြစ်ပါသည်။

**အသက်ကို ဉာဏ်စောင့်ဆိုသည့်အတိုင်း အသက်(၅၀) ကျော်သူတိုင်း အထူးသဖြင့် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါရှိသူများတွင် ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ နေရောင်ကြောက်ခြင်း၊ မြင်ကွင်းတွင် ပုံရိပ်နှစ်ခု မြင်သလိုဖြစ်ခြင်း၊ ဇက်ကြောတက်ခြင်း စသည်တို့ ဆက်တိုက်ဖြစ်ပေါ်နေပါက သက်ဆိုင်ရာ သမားတော်ကြီးများ၊ ဦးနှောက်နှင့်အာရုံကြော ဆရာဝန်ကြီးများနှင့် ပြသတိုင်ပင်၍ လိုအပ်သောစမ်းသပ်စစ်ဆေးမှုများပြုလုပ်ကာ ကြိုတင်ကာကွယ်ထားနိုင်ပါမှ ဦးနှောက်ရောဂါများကြောင့် ခံစားရမည့်လေဖြတ်ခြင်း၊ သတိလစ်ခြင်း၊ မေ့မြောသွားခြင်းတို့မှ ကင်းဝေးနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။**

## အကြိမ်(၂၀)မြောက် မျက်စိဆရာဝန်များ ညီလာခံဖွင့်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံဆရာဝန်အသင်း အကြိမ် (၂၀) မြောက် မျက်စိဆရာဝန်များ ညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဆေးပညာရှင်များ အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆရာဝန် အသင်း ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မျက်စိဆရာဝန်များအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ မျက်စိအထူးကုဆရာဝန်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်းဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးခင်မောင်အေးနှင့် မြန်မာနိုင်ငံမျက်စိဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးကံညွန့်တို့က အမှာစကားပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ညီလာခံကို စတင်ကျင်းပရာ ဆေးတက္ကသိုလ်(၁)ရန်ကုန် ဓာတ်မှန်ပညာဌာနမှ ပါမောက္ခ ဌာနမှူး ဒေါက်တာလင်းထွန်းထွန်းက Neuro-





Ophthalmic Imaging အကြောင်းကို ဟောပြောပို့ချပြီး စာတမ်းရှင်များက စာတမ်းများ ဖတ်ကြားတင်ပြကြသည်။

အဆိုပါ ညီလာခံကို နိုဝင်ဘာ ၁၈ရက်အထိ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မြန်မာနိုင်ငံ မျက်စိဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးကံညွန့် မြန်မာနိုင်ငံဆရာဝန်အသင်း အကြိမ် (၂၀) မြောက် မျက်စိဆရာဝန်များ ညီလာခံဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

အတည်ပြုချိန် ၁း၁၀

## တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး စပါးရိတ်သိမ်းခြွေလှေ့ပွဲ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ ပြည်နယ်စိုက်ပျိုးရေးပညာပေးစခန်း၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆင်းသွယ်လတ် စံပြစပါးစိုက်ကွက် ၁၀ ဧကနှင့် စမ်းသပ်မျိုးစပါးများ ရိတ်သိမ်းခြွေလှေ့ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် စစ်တွေမြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်/ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကျောက်ပန်းတောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်ကျေးရွာအုပ်စုရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးဝေရေးလုပ်ငန်း ဆည်ပေါက်ရေကန်၌ မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ သောက်သုံးရေ ဖြန့်ဝေပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ချိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဗလာစာအုပ်များ ပေးအပ်လှူဒါန်းပြီး ချိုင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများအား တွေ့ဆုံ၍ စာကြည့်တိုက်ဖွင့်လှစ်ထားသည့် အဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် စိတ္တိန်းကျေးရွာအုပ်စု အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများထံ ဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် ကမ်းဖြူကျေးရွာအုပ်စုသို့ ရောက်ရှိ၍ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အမ်းအထက ရွှေရတုပွဲနှင့် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ် အမ်းမြို့ အခြေခံပညာအထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုပွဲနှင့် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမ်းအထက သဇင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရွှေရတုပွဲတွင် အမ်းအထက၌ သင်ကြားပို့ချပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲ ပြုလုပ်မည်ဖြစ်ရာ အလှူငွေ လှူဒါန်းလိုသူများ ရန်ကုန်မှ ဦးထွန်းထွန်းသိန်း ဖုန်း-၀၉၈၅၂၆၂၁၀၊ ဦးအေးသွင် ဖုန်း-၀၉၈၅၂၆၂၈၂၊ ဦးဝင်းမြင့်လေး ဖုန်း-၀၉၈၅၂၆၂၆၀၊ စစ်တွေမှ ဒေါ်ခင်ငြိမ်းအေး ဖုန်း-၀၉၈၅၀၀၇၅၅၊ ကျောက်ဖြူမှ ဦးမြင့်ဆွေ(မယကအတွင်းရေးမှူး)၊ အမ်းမြို့မှ ဦးသိန်းစိုး ဖုန်း-၀၉၈၅၂၆၂၆၂၊ ဦးအောင်ဆန်း ဖုန်း-၀၉၈၅၂၆၁၀၇၊ ဦးသောင်းစိန် ဖုန်း-၀၉၈၅၂၆၁၅၁၊ ဦးဗညားလွင် (လေယာဉ်ကွင်း)၊ ဦးသောင်းငြိမ်း (တပ်တောင်) နှင့် ဦးသောင်းငွေ (ရှူးကျေးရွာ)တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)





## တောင်သမန်ကန်ပတ်လမ်းနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁၇**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် ကော်မတီဝင် ဦးမြင့်သိန်းနှင့် ဌာနမှူးများ လိုက်ပါလျက် အောက်တိုဘာ ၁၅ရက်က အမရပူရမြို့နယ်အတွင်းရှိ တံခွန်တိုင်ဖြတ်လမ်းအား(ရန်ကုန်-မန္တလေး လမ်းမကြီးမှ ကြက်လျှာစွန်းအထိ) လမ်းအခြေအနေ၊ တောင်သမန်ကန် ပတ်လမ်းတစ်လျှောက် ကျောက်ရိုးစီမြေထိန်းနံရံများနှင့် တောင်သမန်ကန် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ သန့်ရှင်းသာယာရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် မန္တလေးမြို့အဝင် ရန်ကုန်-မန္တလေး လမ်းမကြီးတစ်လျှောက် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်သာယာလှပရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် တောင်သမန်ကန်ပတ်လမ်းတစ်လျှောက် ကျောက်ရိုးစီမြေထိန်းနံရံများနှင့် လမ်း ဝဲ၊ ယာ အရိပ်ရပင်များ၊ ပန်းအလှပင်များ စိုက်ပျိုးရှင်သန်မှုအခြေအနေ၊ ဦးပိန်တံတားဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် တောင်သမန်ကန်ရေ အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာနမှူးများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးမြို့အဝင် ရန်ကုန်-မန္တလေး လမ်းမကြီးတစ်လျှောက် စစ်ကိုင်းလမ်းခွဲမှ ဆင်ဖြူကန်ကွင်းလမ်းဆုံအထိ လမ်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လမ်းတံတားဌာန ဌာနခွဲမှူးနှင့်တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၆၉)

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ရန် အလှူငွေများ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေနှင့် လှူဒါန်းပစ္စည်းများကို မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ဆက်သွယ်ပေးပို့လှူဒါန်းလျက်ရှိရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အလှူငွေကျပ် ငါးသိန်း၊ ၁၃၇၀ ပြည့်နှစ်စာဆိုတော်နေ့ စာပေဟောပြောပွဲကျင်းပရေးကော်မတီ(တာချီလိတ်)က ငွေကျပ်ရှစ်သိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ငါးသိန်း၊ ဦးကျော်ခိုင်-ဒေါ်ခင်ခင်အေး(ရွှေ့ဆောင်အော့ဖ်ဆက်)နှင့် MAC မြန်မာ့အလှဆောက်လုပ်ရေးက ငွေကျပ် နှစ်သိန်း၊ စာရေးဆရာ ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)က ငွေကျပ် ၅၀၀၀၀၊ နိုင်စာပေက ငွေကျပ် ၅၀၀၀၀၊ စာရေးဆရာမ ရွှေဘိုမိမိကြီးက ငွေကျပ် ၅၀၀၀၀၊ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)-စာရေးဆရာမ မလေးယဉ် မိသားစုက ငွေကျပ် ၅၀၀၀၀၊ MWJA ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) မိသားစုက ငွေကျပ် ၃၀၀၀၀၊ MWJA ဒု-ဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ) မိသားစုက ငွေကျပ် ၃၀၀၀၀၊ MWJA ဒု-ဥက္ကဋ္ဌ ဦးသန်းမောင် (သန်းမောင်) မိသားစုက ငွေကျပ် ၃၀၀၀၀၊ MWJA ဒု-ဥက္ကဋ္ဌ ဦးမြင့်သိန်း (မြင့်သိန်းအောင်) မိသားစုက ငွေကျပ် ၃၀၀၀၀၊ ဦးလှထွန်း (လှထွန်း-တွံတေး)-ဒေါ်ညွန့်ညွန့်သန်း မိသားစုက ငွေကျပ် ၃၀၀၀၀၊ ဦးဆိုက်ကျင် (သုံးခွ)က ငွေကျပ် ၃၀၀၀၀၊ ဒေါ်ယဉ်ယဉ်အေး ၁၀၀ ရာခိုင်နှုန်းအဝတ်အထည်ဆိုင်က ငွေကျပ် ၃၀၀၀၀၊ ဦးဟန်ညွန့် (ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်)-ဒေါ်စန်းမြင့်(ညိုညိုယဉ်-ဒိုက်ဦး)မိသားစုက ငွေကျပ် ၃၀၀၀၀၊ ဦးလှထွန်း (အကြီးတန်းသတင်းထောက်)-ဒေါ်သန်းအေး မိသားစုက ငွေကျပ် ၃၀၀၀၀၊ ဦးခင်ဆွေ-ဒေါ်နုယဉ်မိသားစုက ငွေကျပ် ၃၀၀၀၀၊ ကဗျာဆရာ မောင်မြင့်ထွန်းက ငွေကျပ် ၂၀၀၀၀၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၂၀၀၀၀၊ စမ်းချောင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၅၀၀၀၊ ဦးခင်ဇော် (မရမ်းကုန်း)-ဒေါ်မိုးကလျာ (ဦးစီးအရာရှိ-နေပြည်တော်) မိသားစုက ငွေကျပ် ၁၅၀၀၀၊ တာမွေမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၁၀၀၀၊ ဦးအောင်ကြည်-ဒေါ်ခင်ဖြူဗျင် မိသားစုက ငွေကျပ် ၁၀၀၀၀၊ မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ ဦးကျော်စိုး(မောင်ကျေးဇူး)က ငွေကျပ် ၁၀၀၀၀၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ နီနီ(မြန်မာစာ)က ငွေကျပ် ၁၀၀၀၀၊ ဦးရဲလွင်(သင့်ဘဝဦးရဲလွင်)က ငွေကျပ် ၁၀၀၀၀၊ အလုံမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ်၁၀၀၀၀၊ ဒဂုံမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ ဒေါ်သန်းရှိန် (ခင်သန့်စင်-ရေးမြို့)ကငွေကျပ်၁၀၀၀၀၊ လက်ဗျာ ဆရာကြီး ဒေါက်တာဦးစံတင်အောင်(ရွှေဘို)က ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ လက်ဆွဲအိတ်နှင့် သုတရသ စာအုပ်များ၊ ဦးခင်ဇော်(မရမ်းကုန်း)မိသားစုက ငွေကျပ် သုံးသိန်းတန်ဖိုးရှိ သုတရသစာအုပ်များ၊ လာဘ်မိုးဆွေစာပေတိုက်က ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ သုတရသစာအုပ်များ၊ သမားတော်ကြီး ဦးကြီးမြင့်က ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ တိုင်းရင်းဆေးများ(မျက်စဉ်း)၊ ဝေဒပြက္ခဒိန်အကြံပေးအဖွဲ့က ငွေကျပ်တစ်သိန်းခွဲတန်ဖိုးရှိ ၂၀၀၉ ပြက္ခဒိန်၊ မြန်မာ့နက္ခတ္တပညာရှင်အဖွဲ့က ငွေကျပ်တစ်သိန်းခွဲတန်ဖိုးရှိ ၂၀၀၉ ပြက္ခဒိန်၊ ခိုင်သဇင်ကုမ္ပဏီက ငွေကျပ် တစ်သိန်းတန်ဖိုးရှိ လက်ဖက်ခြောက်ထုပ်များ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။ အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက ရန်ကုန်မြို့ အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းနှင့် ၃၇လမ်းထောင့်ရှိ စာပေဗိမာန်ဒုတိယထပ် ဖုန်း-၃၈၅၂၇၃၊ ၂၅၂- ၄၁၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## STI Educationမှ ကလေးသူငယ်နှင့် ဆယ်ကျော်သက် အင်္ဂလိပ်ဘာသာ ဆရာဖြစ်သင်တန်း ပို့ချမည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

STI သည် အင်္ဂလန်နိုင်ငံ အခြေစိုက် London Teacher Training College (LTTC) နှင့် ပူးပေါင်း၍ ကလေးသူငယ်နှင့် ဆယ်ကျော်သက် အရွယ် အင်္ဂလိပ်ဘာသာ သင်ယူသူများအတွက် ဆရာဖြစ် ဒီပလိုမာသင်တန်း စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ ကလေးသူငယ်သင်ယူသူဟုဆိုရာ၌ အသက်အပိုင်းအခြားအားဖြင့် လေးနှစ်မှ ၁၁ နှစ်အထိဖြစ်ပြီး ဆယ်ကျော်သက် သင်ယူသူများမှာ အသက် ၁၂ နှစ်မှ ၁၆ နှစ်အထိ သတ်မှတ်ထားသည်။ ကလေးသူငယ်နှင့် ဆယ်ကျော်သက်များအား သင်ကြားခြင်းသည် ဘဝတစ်သက်တာလုံး၏ အထူးခြားဆုံးနှင့် အထိရောက်ဆုံး သင်ယူမှုဖြစ်စဉ်တစ်ခု ဖြစ်သည်။ ဘာသာစကားနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုပြုစုပျိုးထောင်ရာတွင် ကလေးသူငယ်ဘဝမှစတင်၍ နည်းစနစ်မှန်ကန်စွာဖြင့် သင်ကြားပေးနိုင်မှသာလျှင် ကလေးများ၏ ပင်ကိုဉာဏ်ရည်နှင့် အရည်အချင်းများကို မှန်ကန်ပျော်ရွှင်စွာ ဘဝတစ်လျှောက်လုံး သင်ယူနိုင်မည်ဖြစ်သည်။

ယင်းသို့ သင်ကြားရာ၌ အင်္ဂလိပ်ဘာသာစကားဖြင့် ကစားပွဲများပြုလုပ်ခြင်း၊ စာသင်ခန်းနှင့် ကလေးတစ်ဦးချင်းနှင့် အတန်းလိုက် စီမံခန့်ခွဲခြင်း၊ သင်ခန်းစာများ ပြင်ဆင်ရေးဆွဲခြင်း၊ သင်ရိုးညွှန်းတမ်းများ ဖန်တီးခြင်း၊ ဘာသာစကားသင်ယူမှု နည်းစနစ်များနှင့် ထိရောက်စွာ သင်ကြားနိုင်ရန် ရည်ရွယ်၍ ထူးခြားပြောင်မြောက်သည့် ဆရာများဖြစ်စေရန် STI မှ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရှိရသည်။ အင်္ဂလိပ်ဘာသာအား ဒုတိယဘာသာစကားအဖြစ် သင်ကြားရာ၌ တွေ့ကြုံရမည့် အခက်အခဲများနှင့် ယင်းတို့ကို ရင်ဆိုင်ဖြေရှင်းရန်တို့ ပါဝင်မည်ဖြစ်သည်။ သင်ယူသူများ အနေနှင့် ဆက်သွယ်ပြောဆိုသူကောင်းတစ်ယောက်ဖြစ်စေရန် အရေးပါသည့် အခန်းကဏ္ဍတစ်ခုအဖြစ် သင်ကြားမည်ဖြစ်သည်။ ပုံပြင်ပြောဆိုပုံများကို အသက်ဝင်အောင် ပြောဆိုနည်းနှင့် အတန်းသားများ၏ အာရုံဖမ်းယူပုံတို့ကိုလည်း ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားပေးမည်ဖြစ်သည်။

STI မှ သင်ကြားပို့ချမည့် TEY-LT တွင် ယိုယွင်းချက်များကို ပြုပြင်ပြောင်းလဲနိုင်မည့် ထိရောက်သည့် သင်ကြားရေးနည်းများနှင့် ပို့ချသွားမည်ဖြစ်သည်။

သင်ကြားရာတွင် ရေးသားပုံများ၊ သီချင်းများ၊ Rhyme များ၊ Chant များနှင့် နားထောင်မှု စွမ်းရည်များကိုပါ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကာလ သုံးလကြာမြင့်ပြီး ဒီဇင်ဘာ လလယ်တွင် စတင်သင်ကြားမည်ဖြစ်သည်။ သင်တန်းသားများ အနေဖြင့် ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရန် လိုအပ်သည်။ လက်ရှိ ကလေးနှင့်ဆယ်ကျော်သက်ဆရာအဖြစ် လုပ်ကိုင်နေသူများအတွက် အထူးသင့်တော်သည်။

ထူးချွန်သော ဆရာအဖြစ် အသက်မွေးနေသည့် ကျောင်းသားများအား ပညာသင်ဆုကြေးအဖြစ် သင်တန်းခ၏ထက်ဝက်ကို ချီးမြှင့်မည်ဖြစ်သည်။ ထူးချွန်ကျောင်းသားများအား ရွေးချယ်စိစစ်ရာ၌ ရေးဖြေနှင့် နှုတ်ဖြေ နှစ်မျိုးစလုံးဖြင့် STI မှ စနစ်တကျ ရွေးချယ်သွားမည်ဖြစ်ရာ သတ်မှတ်ချက်နှင့် ကိုက်ညီသူများ စတင်လျှောက်ထားနိုင်သည်။

သင်တန်းထူးချွန်စွာ အောင်မြင်သူများအား STI ၌ အလုပ်သင်ဆရာအဖြစ် ပြန်လည်ခန့်အပ်မည်ဖြစ်သည်။ ယင်းသို့ STI ၌ အလုပ်ပြန်လည်လုပ်ကိုင်လိုသူများသည် ပညာထူးချွန်ရန်လိုအပ်ပြီး လုပ်သက်အနည်းဆုံး နှစ်နှစ်ရှိရန် လိုအပ်သည်။ ထိုကဏ္ဍတွင် တက်ရောက်မည့်သူများ၏ သင်တန်းကြေးထက်ဝက်ကို ၎င်းတို့ အလုပ်ပြန်လည် လုပ်စဉ်၌ လစဉ် အရစ်ကျ ပြန်လည်ပေးသွင်းရန် ဖြစ်သောကြောင့် ကနဦးတွင် သင်တန်းကြေးထက်ဝက်ခန့်သာ ပေးသွင်းရန် လိုအပ်ကြောင်း သိရှိရသည်။

ယင်းကဲ့သို့ သင်ကြားရာ၌ အပြည်ပြည်ဆိုင်ရာ အင်္ဂလိပ်ဘာသာစကား တက္ကသိုလ်များ၌ လက်ရှိအသုံးပြုသော သုတေသနစာတမ်းများနှင့် ယင်းတို့၏ ရည်ညွှန်းချက်များနှင့် သုတေသနပြုလုပ်ပုံတို့ကို စာတမ်းကမ္ဘာ (Resource Bank) အဖြစ် ထားရှိ၍ ကျောင်းသားများအား လေ့ကျင့်သင်ကြားပေးမည် ဖြစ်သည်။ ယင်းစာတမ်းများကို Harvard Press, MIT Press, Linguistics Press, Teach World Publication, Oxford Publication, IATEFL Resources, TEFL Board တို့မှ စာတမ်းများကို အဓိကထား၍လေ့လာနိုင်ရန် သင်ကြားပေးမည်ဖြစ်သည်။

သို့ဖြစ်၍ ဝင်ခွင့်သတ်မှတ်ချက်နှင့် ကိုက်ညီသော စိတ်ပါဝင်စားသူများသည် သင်တန်းကျောင်းတည်ရှိရာ (R-7, B-4), Myanmar Info Tech, Hlaing Compus, Yangon. Tel: 507046/48, 507151/52. No. 377, Upper Shwe Bon Thar St., Pabedan Tsp, Yangon. Tel: 250056, 700273 သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**✳ တောင်ကြီးမြို့မှ**

စက်မှုဇုန် ရှေ့ဆက် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထူးကြိုးစား ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် သံရည်ကျိုစက်ရုံ အမှုဆောင်ဒါရိုက်တာများနှင့် စက်မှုဇုန် တာဝန်ရှိသူများက တင်ပြဆွေးနွေးရာ စက်မှုဇုန်တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ညွှန်ကြား**

ယင်းနောက် ဝန်ကြီးသည် အေးသာယာ စက်မှုဇုန်အတွင်းရှိ အောင်မြင် ရှမ်းစတား မော်တော်ယာဉ်ထုတ်လုပ်ရေး အလုပ်ရုံသို့လည်း ကောင်း၊ တောင်ကြီး ဂျစ်မော်တော်ယာဉ်ထုတ်လုပ်ရေး အလုပ်ရုံသို့လည်း ကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်တစ်စီးအတွက် အလုပ်ရုံတစ်ခုတည်းတွင် အစအဆုံး တပ်ဆင်ထုတ်လုပ်နိုင်သည့် (Process) လုပ်ငန်းစဉ်ကို ဆောင်ရွက်သွားနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွား ရန် မှာကြားသည်။

**ကြိုးစားထုတ်လုပ်**

ဆက်လက်၍ သိန်းမင်း သဘာဝမြေဩဇာထုတ်လုပ်ရေးအလုပ်ရုံ နှင့် နေကြာပွင့် ဓာတ်မြေဩဇာထုတ်လုပ်ရေး အလုပ်ရုံ၊ စက်အစိတ်အပိုင်း များ တပ်ဆင်နေသော Genius Group ကုမ္ပဏီ၏ ခနောက်စိမ်းသတ္တု သန့်စင်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးကာ ထုတ်ကုန်ပစ္စည်းများ အရည် အသွေး ပြည့်မီကောင်းမွန်ရေးအတွက် ကြိုးစားထုတ်လုပ် ဆောင်ရွက်သွား ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**✾ ရှေ့ဖုံးမှ**

ဖြန့်ခင်း ရောင်းချနေသော တဲကလေးသို့ တစ်ထောက်ဝင်နားကြသည်။ ဆိုင်ရှင် အမျိုးသမီးက ဖော်ရွေစွာ အမောပြေ အမြည်းစားသွားပါဦးဆို၍ မြည်းကြည့်ရာ ချက်ချင်းခူး ချက်ချင်းစား၍လား မသိ ချိုချိုမွှေးမွှေးနှင့် ရင်ထဲအထိ ပင် အေးမြသွားသည့် အရသာကို ခံစားလိုက်ရသည်။

ဒေသခံ လိမ္မော်သီးရောင်းသူနှင့် စကားလက်ဆုံကျရင်း စိုက်ပျိုးရေး မြို့နယ်မန်နေဂျာက "သတင်းစာ ဆရာတို့ ကြုံတုန်း လိမ္မော်ခြံကို ဝင်လေ့လာသွားပါဦး လား" ဆိုသည့်အတွက် ကားလမ်း နံဘေး တောင်စောင်းမှ ပေ ခြောက်ရာခန့် နက်သော လိမ္မော် စိုက်ခင်းသို့ ရောက်ခဲ့ကြပြန်သည်။

ငါးဧကမျှကျယ်ဝန်းပြီး လိမ္မော်သီးများက အပင်တိုင်း ဝင်းဝါလျက် ကိုင်းညွတ်မျှ သီးနေသည်ကိုတွေ့ မြင်လိုက်ရသည်။ အခြားအပင်များကလည်း စုံလှပေသည်။

ခြံပိုင်ရှင်မှာ တုတ်တုတ်ခိုင်ခိုင်နှင့် အသက် (၆၅)နှစ် အရွယ်ရှိ ချင်းအမျိုးသားကြီး "ဦးရှယ်ခွီနွမ်" ဆိုသူ ဖြစ်သည်။ လိမ္မော်အပင် ၄၀၀ ခန့်ရှိကြောင်းနှင့် လွန်ခဲ့သော ၂၅ နှစ်က စ၍ စိုက်ပျိုးရေးလုပ်ခဲ့ကြောင်း၊ လိမ္မော်ပင်ကို ဒေသ၏ သဘာဝအရ မျိုးစေ့ချစိုက်ပျိုးကြောင်း၊ စိုက်ပြီးရှစ်နှစ်မှာ အသီး စသီးကြောင်း၊ တစ်ပင်စိုက်ထားပါက နှစ်ပေါင်း ၄၀ လောက်အထိ အသီးသီးကြောင်း၊ ယမန်နှစ်က အသီးများအောင်၍ အကျိုးအလွှန် ဖြစ်ထွန်းကြောင်း သိခဲ့ရသည်။



**မင်းတပ်မြို့ အဝင် တောင်စောင်းပတ်လည်တွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသောတောင်သူကြီး ဦးရှယ်ခွီနွမ် ကြေးမုံသတင်းအဖွဲ့သို့ ရှင်းလင်းပြောကြားစဉ်။**



**တောင်သူကြီး ဦးရှယ်ခွီနွမ်၏ စိုက်ပျိုးရေး ခြံအတွင်း စိုက်ပျိုးထားသော ကော်ဖီပင်များကို တွေ့ရစဉ်။**

လက်ရှိခြံထဲတွင် လက်ဖက် အပင် ၇၀၀၀ ခန့်၊ ကော်ဖီပင် ၄၀၀ ခန့်၊ 'ဝ'ဥပင် ၂၀၀ ခန့်၊ တညင်းပင် ၁၀၀ ခန့်၊ ငှက်ပျောပင် ၁၀၀ ခန့်၊ သံပရာပင် ၇၀ ခန့်နှင့် အခြား သစ်အယ်ပင်၊ သစ်ကြားပင် နည်းနည်းစီ စိုက်ပျိုးထားကြောင်း ကြားသိ တွေ့မြင်ခဲ့ရသည်။ အခြား လုပ်အားမခေါ် မိသားစု ငါးဦးတည်း၏ အားထုတ်မှုလို့လသည် အတုယူထိုက်ပေစွ။

ရေကိုလည်း တောင်ကျရေကို ခံ၍ အုတ်ကန်မြေကန်များဖြင့် လှောင်ထားကြောင်း၊ ထို့အပြင် ကားလမ်းမှဆင်း၍ တောင်စောင်း အတိုင်း ဆိုင်ကယ်တစ်စီးစာ အသွားလမ်း ဖောက်ထားသည်မှာ မိသားစု၏ ကြိုးစားအားထုတ်မှု သာဓကပြယုဂ်အဖြစ် လက်တွေ့ မြင်ခဲ့ရသည်။

ကုန်းပေါ်သို့ တဖြည်းဖြည်း နားနားပြီးတက်ခဲ့ရာ ကားနားသို့ အရောက် ကျေးဇူးတင်ပါကြောင်း နှုတ်ဆက်ပြီး ပြန်လှည့်မည်ပြုစဉ် တောင်သူဦးကြီးက "တို့ ချင်းပြည်နယ်မှာ မြေလွတ်တွေ အများကြီး ပဲကွဲ့၊ တကယ်ကြိုးစားပြီး စိုက်ပျိုးစားကြမယ်ဆိုရင် ပြည်နယ်က လူငယ်တွေ နိုင်ငံခြားသွား အပင်ပန်း အဆင်းရဲခံ တစ်ပါးကျွန်ခံပြီး အလုပ်လုပ်စရာ မလိုပါဘူး၊ အဲဒီ နိုင်ငံကရတဲ့ ငွေထက်တောင် ဒီကပိုပြီးရဦးမှာပါ"ဟု ဆိုလိုက်သည့် အတွက် ကိုယ့်နားကို ကိုယ်မယုံမိ၊ တောင်သူ ချင်းအမျိုးသားကြီး "ဦးရှယ်ခွီနွမ်"၏ မျက်နှာကို အံ့ဩစွာ မော့ကြည့်မိတော့သည်။ ဩော်-တကယ့်ကို ရိုးသားကြိုးစား ပြီး မျိုးချစ်စိတ်ဓာတ် အပြည့်ရှိသော ပုဂ္ဂိုလ်ကြီး တစ်ဦးပါလား ဟု လေးစားဂုဏ်ယူမိပါတော့ သည်။ ။

**တောင်သူကြီး ဦးရှယ်ခွီနွမ်၏ ခြံအတွင်း အောင်မြင် ဖြစ်ထွန်းနေသော လိမ္မော်ပင်များကို တွေ့ရစဉ်။**



**မင်းတပ်မြို့နှင့် ဆယ်မိုင်ခန့်အကွာ လာလောင်ထွီး ကျေးရွာအုပ်စု ထင်ချောင်းကျေးရွာ မြေပြန့်တွင် စိုက်ပျိုးထားသော မိုးစပါးများ အောင်မြင်လျက်ရှိသည်ကို တွေ့ရစဉ်။**



## ကျန်းမာရေးအသိ

✳ ယခင်ရှေးခါ လူတကာက
အိမ်သာသတ်မှတ် ခေါ်ပညတ်လည်း
ပညတ်မဖက် ဓာတ်မသက်ခဲ့
လွဲချက်မှန်လစ် ပြီးကပစ်ဖြင့်
အညစ်အကြေး စွန့်ခဲ့သည်။

✳ ညစ်ကြေးပျော်ပါး ယင်နားအစာ
စားမိပါ၍ များစွာလူများ
ဝမ်းသွားဝမ်းပျက် ဝမ်းကိုက်ချက်နှင့်
ထို့ထက်ဆိုးသွမ်း ကာလဝမ်းအပြင်
အသည်းတွင် ဒုက္ခရခဲ့သည်။

✳ ယခုခါမူ များပြည်သူ၏
ပြုမူပြောင်းဘိ တော်တည့်မှန်တုံ
ယင်လုံအိမ်သာ မှန်စွာမြို့ပြ
တကွကျေးလက် မပျက်ကွက်ငြား
သုံးစွဲသွားပြီ အများပြည်သူအောင်ပွဲတည်း။

**ဒေါက်တာသန်းဦး**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၈-၁၁-၂၀၀၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်- ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၃၀ ၈။ International News
၈း၄၅ ၉။ တေးဂီတအစီအစဉ်
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၂း၅၀ ၁။ **တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပထမအကြိုဗိုလ်လုပွဲ) (မြန်မာနှင့်မလေးရှား)**
၄း၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (မြန်မာမှုပညာ အထူးပြု) (မြန်မာစာ)
၅း၁၀ ၄။ မြန်မာ့ရိုးရာ တောလေ့ကျေးလက်တေးသံ
၅း၃၀ ၅။ ဆိုကြမယ် ပျော်ကြမယ်
၆း၀၀ ၆။ ညနေခင်းသတင်း
၆း၃၀ ၇။ မိုးလေဝသအခြေအနေ
၆း၃၅ ၈။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၄၅ ၉။ သုတစုံလင် ရွှေညာဏ်ရှင်
၇း၁၅ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စူပါမင်းနှင့် မာနရှင်" (အပိုင်း- ၈)**
၈း၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မြတ်နှလုံးသားပိုင်ရှင်" (အပိုင်း- ၂)**
၁၅။ အစီအစဉ်ပြီး၏။

## ❑ သီးထပ်သီးညှပ်မှ

လက်ထောက်အင်ဂျင်နီယာ ဦးစံမင်းက ရဲနွယ်ရေလှောင်တမံတည်ဆောက်ခြင်းဖြင့် စစ်တောင်းမြစ်ဝှမ်းဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်ကြောင်း၊ တမံအမျိုးအစားမှာ မြေသားတမံ(ဇုန်အမျိုးအစား)နှင့် ရေလွှဲဥမင် အချင်း ၁၃ဒသမ ၁၂ပေ၊ အလျား ၁၆၃၄ပေ၊ ဒီဇိုင်းရေထုစီးနှုန်း ကုဗပေ/စက္ကန့် ၄၃၀၀၊ ရေအားလျှပ်စစ် ဥမင်အချင်း ၁၈ပေ၊ အလျား ၁၁၄၈ပေ၊ ရေပိုလွှဲအမျိုးအစား သံကူကွန်ကရစ်၊ ရေအားလျှပ်စစ် တပ်ဆင်အင်အား ၁၂ဒသမ ၅မဂ္ဂါဝပ်×နှစ်လုံး၊ နှစ်စဉ်ပျမ်းမျှထုတ်လွှတ် ဓာတ်အား ၁၂၃ကီလိုဝပ်နာရီသန်းပေါင်း ဖြစ်သည်။ ရဲနွယ်ရေလွှဲဆည်သည် ကျောက်တံခါးမြို့နယ် ဖဒိုကျေးရွာအုပ်စု ဆီဆုံကုန်းကျေးရွာအနီးတွင် တည်ဆောက်ခဲ့ပြီး လက်ဝဲ/လက်ယာမြောင်းမကြီးများမှ ရေပေးဝေလျက်ရှိသည်။

ရဲနွယ်ရေလှောင်တမံမှ စိုက်ပျိုးရေကို ၂၀၀၇-၂၀၀၈ခုနှစ်က ဧရိယာ ဧက ၃၄၁၃၀၊ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဧက ၆၀၀၀၀ပေးဝေပြီး ၂၀၀၉-၂၀၁၀ပြည့်နှစ်တွင် ၁၁၇၀၀ တိုးမြှင့်ပေးဝေမည်ဟု သိရသည်။ ရဲနွယ်ရေလှောင်တမံ ရှင်းလင်းဆောင်အနီးတွင် စားသုံးသီးပင်များနှင့် ကြက်ဆူပင်များ စိုက်ပျိုးထားကြသည်။

ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်း အကောင်အထည်ဖော်ပေးခြင်းဖြင့် ရေလွှမ်းမိုးမှုလျော့နည်းစေပြီး သီးနှံအထွက်တိုးစေ၍ တစ်ဦးချင်းဝင်ငွေတိုးတက်လာနိုင်စေမည်ဖြစ်သည်။ စစ်တောင်းမြစ်ဝှမ်းတစ်ခုလုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လျက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ပြီး ပညာရေး၊ ကျန်းမာရေး စသည့်လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ကြမည်ဖြစ်၍ ဖော်ပြပါ ဘက်စုံစီမံကိန်းကြီးများသည် နိုင်ငံတော်နှင့်ပြည်သူများကို တန်ဖိုးကြီးမားစွာ အကျိုးပြုလျက် ထာဝရတည်ရှိနေကြမည် ဖြစ်ပေသည်။ ။

## ■ ကမ္ဘာ့အကြီးဆုံးမှ

နက္ခတ်တာရာလေ့လာရေးစခန်းကို ဖွင့်လှစ်နိုင်ခြင်းဖြင့် နေစကြဝဠာ(ခေါ်)နေအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်ကြီး ဂြိုဟ်ငယ်များ၊ ကောမက်ဂြိုဟ်၊ ဥက္ကာပျံနှင့် နဂါးငွေ့တန်းတို့ကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

ပရဲအော်ဂါ နက္ခတ်တာရာလေ့လာရေးစခန်းသည် အာဂျင်တီးနားနိုင်ငံ မန်ဒိုဇာပြည်နယ်တွင် တည်ရှိသည်။ စတုရန်းကီလိုမီတာ ၃၀၀၀ကျော် ကျယ်ဝန်းသော လေ့လာရေးစခန်းတွင် နက္ခတ်တာရာလေ့လာရေး ကိရိယာ ၁၆၀၀ တပ်ဆင်ထားသည်။

နိုင်ငံတကာမှ နက္ခတ်တာရာပညာရှင်များသည် လေ့လာရေးစခန်းတွင် တပ်ဆင်ထားသော တယ်လီစကုတ် ၂၄လုံးကိုအသုံးပြုကာ လေ့လာနိုင်မည်ဖြစ်သည်။ ***အင်တာနက်။***

## ရန်ကုန်တက္ကသိုလ် ၁၉၇၃-၇၄-၇၅ ဘူမိဗေဒဘွဲ့ရ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တက္ကသိုလ်မှ ၁၉၇၃-၇၄-၇၅ဘူမိဗေဒဘွဲ့ရ ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၈ရက် (တနင်္ဂနွေနေ့) တွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆရာကန်တော့ပွဲအတွက် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ၁၉၇၃ ခုနှစ်မှ ဦးကျော်စိုးအောင် ဖုန်း-၅၃၄၁၃၉၊ ဦးလှမြင့် ဖုန်း-၆၃၉၄၂၄၊ လိုင်းခွဲ-၂၂၀၊ ဦးဝဏ္ဏ ဖုန်း-၀၉-၅၀၅၅၀၁၅၊ ဦးသိန်းဇံ ဖုန်း-၀၉-၈၀၂၄၂၇၂၊ ၁၉၇၄ ခုနှစ်မှ ဦးရီစိန်-ဒေါ်တင်တင်အေး ဖုန်း-၇၀၀၆၀၇၊ ဦးစိုးမြင့်အောင် ဖုန်း-၀၉-၅၀၁၀၂၀၉၊ ဦးအောင်ပြုံး ဖုန်း-၂၉၃၈၄၇၊ ၁၉၇၅ ခုနှစ်မှ ဦးစိုးကြင်-ဒေါ်ခင်မမ ဖုန်း-၀၉-၅၀၁၁၂၃၃၊ ၀၉-၅၁၃၈၈၉၉၊ ဒေါ်ခင်ဝင်းကြည် ဖုန်း-၀၉-၅၀၆၀၆၂၄၊ ဒေါ်စန်းစန်းဝင်း ဖုန်း-၆၈၂၂၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# (၈၈) နှစ်မြောက် အမျိုးသားနေ့

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်

(၂၂-၁၁-၂၀၀၈)

## (၈၈) နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ★ ဝံသာနုရက္ခိတစိတ်ဓာတ်ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်မားရေး၊
- ★ အမျိုးသားပညာရည်မြှင့်မားရေး၊
- ★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- ★ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေး။

## အမျိုးသမီးများအတွက် အခြေခံ အင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲမှ စီစဉ်ကြီးကြပ်၍ အမျိုးသမီးများအတွက် အခြေခံအင်္ဂလိပ်စာသင်တန်းကို စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၂၃ရက်မှ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၅ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၈နာရီမှ ၁၀နာရီအထိ ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ရာ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူနှင့်အထက် အားလုံးလျှောက်ထားနိုင်ပြီး သင်တန်းဝင်ခွင့်ပုံစံများကို နိုဝင်ဘာ ၂၀ရက်မှ ၂၂ရက်အထိ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ လျှောက်ထားနိုင်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၅၃၅၄၉၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ (၂၈)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် သိမ်ကြီးဈေး မဟာသိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ/အသင်းသားများ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ ယင်းအစည်းအဝေးနှင့်အတူ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ထူးချွန် ဆင်းရဲနွမ်းပါးသူများအား ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲတို့ကို ကျင်းပမည်ဖြစ်ပါ၍ အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွားများနှင့် ၂၀၀၈ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင်များ၏ သားသမီးများစာရင်းကို နာယကကြီး ဦးဘစော ဖုန်း-၀၉-၅၀၇၁၃၈၆၊ နာယကကြီး ဦးမောင်မောင်ဌေး ဖုန်း-၃၇၃၉၇၇၊ ဥက္ကဋ္ဌ ဦးတင်နု ဖုန်း-၅၈၄၂၆၆၊ ၇၀၆၇၆၆၊ ဒုတိယဥက္ကဋ္ဌဦးကျော်ဝင်း ဖုန်း-၂၀၁၁၄၂၊ ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်အုန်း ဖုန်း-၅၃၀၅၇၁၊ ဘဏ္ဍာရေးမှူး ဦးကျင်ဝမ်း ဖုန်း-၂၂၀၀၂၁၊ အတွင်းရေးမှူးဦးလှမင်း ဖုန်း-၂၉၈၆၇၄ တို့သို့ ဆက်သွယ်စာရင်းပေးပို့ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)




**မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအား ကူညီစောင့်ရှောက်သည့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ ဦးမြတ်သူဝင်း(အုပ်ချုပ်မှုဒါရိုက်တာ၊ ရွှေမင်းသားအကျိုးဆောင်လုပ်ငန်းများကုမ္ပဏီလီမိတက်)မှ ငွေကျပ်သိန်း ၁၀၀ မတည်လှူဒါန်းသည့် အခမ်းအနားကို နိုဝင်ဘာ ၈ ရက်က ရန်ကုန်မြို့ စင်ထရယ်ဟိုတယ် ပတ္တမြားခန်းမ၌ ကျင်းပရာ သဘာပတိ ဦးမြတ်ဦး(ဘေဘီဗိုက်တာ) ကျေးဇူးတင်စကားပြောကြားစဉ်။** (ကြေးမုံ)

## အင်တာနက်သတင်း

## အကြမ်းဖက်မှုကိုဖော်ကျူးသော ဗီဒီယိုဂိမ်းများ ကလေးများအား နှလုံးခုန်မှုမမှန်မှုကို ဖြစ်စေနိုင်

**စတော့ဟုမ်း နိုဝင်ဘာ ၁၇**

အကြမ်းဖက်သည့် လှုပ်ရှားမှုပုံရိပ်များပါရှိသော ဗီဒီယိုဂိမ်းများကို ကြည့်ရှုလေ့ရှိသည့် ကလေးသူငယ်များသည် နှလုံးခုန်မှုမမှန်သည့် ဝေဒနာကို ခံစားရနိုင်ကြောင်း ဆွီဒင်နိုင်ငံ၌ထုတ်ပြန်သည့် ပြည်သူ့ကျန်းမာရေးလေ့လာချက်တွင် ဖော်ပြသည်။

ဆွီဒင်နိုင်ငံ စတော့ဟုမ်းတက္ကသိုလ်မှ သုတေသီများသည် အသက်(၁၂)နှစ်မှ(၁၅)နှစ်အရွယ်ရှိ ကလေးများအား အကြမ်းဖက်သည့် လှုပ်ရှားမှုပုံရိပ်များပါရှိသော ဗီဒီယိုဂိမ်းများဖြင့် ကစားစေပြီး အကျိုးသက်ရောက်မှုများကို လေ့လာခဲ့သည်။

ဗီဒီယိုဂိမ်းကစားသူ ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့စည်းပုံ၊ အာရုံကြောစနစ်၏တုံ့ပြန်မှု၊ ဇီဝကမ္မဗေဒပြောင်းလဲပုံ စသည်တို့နှင့်ပတ်သက်၍ သုတေသီများ အသေးစိတ် လေ့လာခဲ့ကြသည်။ ကလေးများ အပန်းဖြေနားနေရန် ရည်ရွယ်ချက်ဖြင့် ဗီဒီယိုဂိမ်းများကို တီထွင်ခဲ့ကြသော်လည်း ရက်စက်ကြမ်းကြုတ်မှု၊ သွေးထွက်သံယိုဖြစ်မှု၊ အင်အားသုံးဖြေရှင်းမှု၊ သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု စသည်ဖြင့် အကြမ်းဖက်မှုများကို ဖော်ကျူးထားသော ဗီဒီယိုဂိမ်းများမှာ ကလေးများ၏ နှလုံးခုန်နှုန်းကို မြန်ဆန်စေပြီး ကျန်းမာရေး ထိခိုက်စေနိုင်ကြောင်း သုတေသနလေ့လာချက်တွင် သတိပေးထားသည်။

အကြမ်းဖက်မှုများကို အာရုံစိုက်ခြင်းဖြင့် ကလေးများမှာ စိတ်ဓာတ်ရေးရာပျက်ပြားမှုနှင့်အတူ အတွေးအခေါ်ကောင်းများ ကင်းမဲ့သွားနိုင်ကြောင်း၊ အချို့သော ကလေးများမှာ ရာဇဝတ်မှုများကိုပင် ကျူးလွန်သည်အထိဖြစ်ကုန်ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။ ***အင်တာနက်။***



**အကြမ်းဖက်သည့် လှုပ်ရှားမှုပုံရိပ်များပါရှိသော ဗီဒီယိုဂိမ်းများသည် ကလေးသူငယ်များ၏ စိတ်ကျန်းမာရေးကို ထိခိုက်နိုင်သည်။**
*(ဓာတ်ပုံ-အင်တာနက်)*

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁၁-၂၀၀၈ (အင်္ဂါနေ့)

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "မြို့စွဲ၊ အိမ်စွဲ၊ လူစွဲ ဒိဋ္ဌိဖြုတ်ခန္ဓာဉာဏ်ရောက်သစ္စာလေးပါး" တရားတော် (မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ) |
| ၇း၅၀ - ၁း၅၀ | Sunday Talk |
| ၉း၀၅ - ၃း၀၅ | သီးနှံစိုက်ပျိုး အထွက်တိုး "စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင် စိုက်ကြစို့" |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | L.Vနည်းပညာဖြင့်ဘိလပ်မြေစက်ရုံစွမ်းအားကိုမြှင့်တင်မည့်အစီအစဉ် |
| ၉း၄၀ - ၃း၄၀ | တေးဂီတအစီအစဉ် |
| ၉း၄၅ - ၃း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀ - ၃း၅၀ | လှပသစ်ဆန်း အလှပြင်ခန်း (လီလီအလှပြင်ခန်း) |
| ၁၀း၀၅ - ၄း၀၅ | တေးဂီတအစီအစဉ် |
| ၁၀း၁၀ - ၄း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၅ - ၄း၁၅ | မှတ်သားလေ့လာ ပြတိုက်ခင်းကျင်းမှုပညာ |
| ၁၀း၂၅ - ၄း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ - ၄း၃၀ | စေတနာအစွမ်းဖြင့်ချမ်းမြေ့သာယာဘိုးဘွားရိပ်သာ (မော်လမြိုင်တောင်ဝိုင်းဘိုးဘွားရိပ်သာ) |
| ၁၀း၅၀ - ၄း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၀ - ၅း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၅ - ၅း၀၅ | မျိုးဆက်သစ်လူငယ်များနှင့် HAN GOLF |
| ၁၁း၂၀ - ၅း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ - ၅း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၀ - ၅း၃၀ | Activities In The City (စတုတ္ထအကြိမ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေး အသိပညာပေးပြပွဲ၊ ပြိုင်ပွဲ) |
| ၁၁း၄၀ - ၅း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၄၅ - ၅း၄၅ | စားချင်စဖွယ်နည်းအသွယ်သွယ် (ဝါကျွတ်ကန်တော့ပန်း) |
| ၁၁း၅၅ - ၅း၅၅ | မနေ့ကကွယ် သားအိမ်ခေါင်းကင်ဆာအန္တရာယ် |
| ၁၂း၃၀ - ၆း၃၀ | တေးဂီတအစီအစဉ် |
| ၁၂း၄၀ - ၆း၄၀ | Music Gallery [အောင်နိုင် ကိုယ်ပိုင်သံစဉ် (၂၅) နှစ်မြောက်] |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

**England U-21 International Friendly ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | England- Czech | STAR-SPORTS (Live) |

## ခိုးမှုကျူးလွန်သူအား လှည့်ကင်းအဖွဲ့က ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့စခန်း အမှတ်(၃)နယ်မြေရဲကင်းမှ တပ်ဖွဲ့ဝင်များက စော်ဘွားကြီးကုန်း ကားမှတ်တိုင်တွင် ခိုးမှုကျူးလွန်သူတစ်ဦးအား ခိုးရာပါပစ္စည်းများနှင့် အတူ နိုဝင်ဘာ ၁၁ ရက်က ဖမ်းဆီးရမိခဲ့သည်။

ဖြစ်ပွားပုံမှာ နိုဝင်ဘာ ၁၁ ရက် နံနက် ၄ နာရီတွင် အင်းစိန်မြို့နယ် အမှတ်(၃)နယ်မြေရဲကင်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်းမှုခင်းကျဆင်းရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးအတွက် လှည့်ကင်းဆောင်ရွက်စဉ် စော်ဘွားကြီးကုန်း ရပ်ကွက် လမ်းဆုံကားမှတ်တိုင် အနီးတွင် ဆောင်းဘောက်နှစ်လုံး၊ အမ်ပရီဖာရာတစ်လုံး၊ ကင်မရာတစ်လုံးတို့နှင့်အတူ တွေ့ရသူ ကျော်သူမင်း(၂၆)နှစ်၊ သပြေကုန်းကျေးရွာ ဟင်္သာတမြို့နယ် ဧရာဝတီတိုင်း နေသူအား ဖမ်းဆီးရမိခဲ့သည်။

ကျော်သူမင်းအား စစ်ဆေးခဲ့ရာ လှိုင်မြို့နယ်၊ မှော်ဘီမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့တွင် ခိုးမှု ၁၃ မှု ကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ပြီး အမှုများမှ လက်ဆွဲကွန်ပျူတာအပါအဝင် ပစ္စည်းမျိုးစုံ ၂၀ တို့အား သိမ်းဆည်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

ပြစ်မှုကျူးလွန်သူ ကျော်သူမင်းအား အင်းစိန်ရဲစခန်းမှ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေ ပေးဝေနေ

**သတင်းဆောင်းပါး၊ ဓာတ်ပုံ**
**သတင်းထောက် သန်းဆွေ (ပန်းဘဲတန်း)**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့နှင့် ဆင်ခြေဖုံးမြို့နယ်များ၊ မြို့သစ်များသို့ ဂျိုးဖြူ ဖူးကြီး၊ လှော်ကားစသည့် ရေလှောင်ကန်ကြီးများနှင့် စည်ပင်သာယာပိုင်အဝီစိတွင်းများမှ နေ့စဉ် တစ်နေ့ရေဂါလန် သန်း ၉၀ ဖြန့်ဖြူးခဲ့သည်။

ရန်ကုန်မြို့တွင် တိုးပွားလာသော လူဦးရေကို မျှော်ကိုး၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ရေအရင်းအမြစ်များ တိုးပွားရှာဖွေရန် လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသည် ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်)၏ ပထမအဆင့်ကို ၂၀၀၄ ခုနှစ် ဧပြီလတွင် စတင် အကောင်အထည်ဖော်ခဲ့ရာ ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် ပြီးစီးခဲ့သည်။ ထို့ကြောင့် ရန်ကုန်မြို့နှင့် တကွ ဆင်ခြေဖုံး မြို့နယ်များ၊ မြို့သစ်အချို့သို့ တစ်နေ့ရေဂါလန် ၄၅သန်း ပိုမိုဖြန့်ဝေနိုင်ခဲ့သည်။

**ရေတွင် ပျော်ဝင်နေသော သံဓာတ်များကို လှေကားထစ်ကဲ့သို့ အဆင့်ဆင့်စီးဆင်းစေခြင်းဖြင့် ဖယ်ရှားသည့်ကန်အား တွေ့ရစဉ်။**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ဒုတိယအဆင့်ကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ပြီးစီးရန် လိုအပ်နေသော အချိန်အတွင်း ရေအားနည်းသော ရပ်ကွက်များတွင် ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေများ ပိုမိုရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဆောင်ရွက်ချက်နှင့်အညီ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်တွင် ရေပေးဝေရေး စီမံကိန်းတစ်ခုကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၄ ရက်က စတင် အကောင်အထည်ဖော်ခဲ့ရာ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ရေများ စတင်ဖြန့်ဖြူးနိုင်ခဲ့သည်။

ဒဂုံမြို့သစ် (တောင်ပိုင်း) ရေပေးဝေရေးစခန်းအမှတ် (၁)သည် ၁၀၇ ရပ်ကွက် မြသဇင်လမ်းအနီးတွင် တည်ရှိပြီး ရပ်ကွက်ပေါင်းကိုးရပ်ကွက်ဖြစ်သည့် ၅၆၊ ၅၇၊ ၇၀၊ ၇၁၊ ၇၂၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇ ရပ်ကွက်များသို့ ရေပေးဝေနိုင်ခဲ့သည်။ အထက်ပါရပ်ကွက်များတွင် လူဦးရေ ၈၃၁၃၆ နေထိုင်ကြသည်။

**ရေပေးဝေရေးစခန်းအမှတ် (၁)၏ စီမံကိန်း၌ ပါဝင်မှုကဏ္ဍ အသီးသီးကို တင်ပြရလျှင်-**

(၁) အချင်း ၁၀ လက်မရှိ အဝီစိတွင်း ရှစ်တွင်း၊ တစ်တွင်းလျှင် အနက်ပျမ်းမျှ ပေ ၃၄၀ ရေထွက်နှုန်း (တစ်တွင်းလျှင်) တစ်နာရီ ရေဂါလန်သန်း ၁၀၀၀၀။

(၂) သံဓာတ်ဖယ်ရှားစနစ် (AERATION CASCADE) ၇၀'× ၂၃'× ၁၅'။

(၃) သဲရေစစ်ကန် (UPFLOW GRAVEL FILTER) အကန့်ရှစ်ကန့်ပါ ကန်ကြီးတစ်ကန် ၇၀'× ၃၂' ×၁၀'။

(၄) ဂါလန်နှစ်သိန်းဆံ့ ရေစုကန် ၈၀'×၄၀'×၁၀'။

(၅) အကျယ်အဝန်း ၄၅'×၁၅' ရှိရေတွန်းစက်ရုံတစ်ရုံ 22 KW မော်တာနှင့်ပန့် ၃စုံ၊ 15 KW မော်တာနှင့်ပန့် သုံးစုံ တပ်ဆင်ထား။

(၆) ၁၆ လက်မ အချင်းရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက် အရှည်ပေ ၁၂၈၀၀ အသုံးပြု။

(၇) လျှပ်စစ်မီးသွယ်တန်းခြင်း 33 KVA လိုင်း ပေ ၄၂၀၀ နှင့် 315 KVA TRANSFORMER တစ်လုံးတို့ ပါဝင်သည်။

ရေပေးဝေရေးစခန်း အမှတ်(၁)ရှိ အဝီစိတွင်းများမှ ထွက်ရှိလာသော ရေများသည် သံဓာတ်များ ပျော်ဝင်နေ၍ နည်းပညာအသုံးပြု၍ သံဓာတ်များကို ဖယ်ရှားသွားကြောင်း အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းက ရှင်းလင်းပြောပြသည်။



ရေတွင် ပျော်ဝင်နေသော သံဓာတ် (FERROUS IRON)များ ကင်းစင်သွားရန် ဆောင်ရွက်ပုံ အဆင့်ဆင့်မှာ မြေသားအတွင်းမှ ထွက်ရှိလာသောရေများကို လှေကားထစ်ကဲ့သို့ ရေသွားရာလမ်းကြောင်း တည်ဆောက်ရသည်။ ရေများသည် လှေကားထစ်ကဲ့သို့သော နေရာများက အဆင့်ဆင့် ဖြတ်သန်းစီးဆင်းသွားရ၍ မူလရေတွင် ပျော်ဝင်နေသော သံဓာတ် (FERROUS IRON) များသည် ပြင်ပလေထုရှိ အောက်စီဂျင်များနှင့် ထိတွေ့ဖန်များလာ၍ ရေတွင်ပျော်ဝင် နေသောသံဓာတ်များသည် အဝါဖတ်များ (FERRIC IRON)အဖြစ်သို့ပြောင်းသွားသည်။

ရေနှင့်ရောနှောသော အဝါဖတ် (FERRIC IRON)များသည် ရေနှင့်အတူ သဲ၊ ဖွဲ့ပြာနှင့်တည်ဆောက်ထားသော ရေစစ်ကန် (UPFLOW GRAVEL FILTER) များသို့ အဆင့်ဆင့်စီးဆင်းသွားစေသည်။ သံဓာတ် ပါဝင်သော အဝါဖတ်များသည် ရေစစ်ကန်များ အတွင်းမှ ကျန်ခဲ့ပြီးသန့်စင်ပြီးသော သံဓာတ်ကင်းသော ရေသန့်များသည် ရေစုကန်အတွင်း စီးဆင်းသွားသည့်စနစ်ဖြစ်ကြောင်း သိရသည်။

နောက်ဆုံးအဆင့်အဖြစ် ရေစုကန်များရှိ သန့်စင်ပြီးသော ရေများကို ရေတွန်းစက်များအသုံးပြုပြီး ၁၆ လက်မကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်များဖြင့် ရပ်ကွက် ကိုးရပ်ကွက်သို့ တစ်နေ့လျှင်ရေဂါလန်တစ်သန်းနှုန်းဖြင့် ဖြန့်ဝေနေကြောင်း တင်ပြလိုက်ရပါသည်။ ။



**ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ရေပေး ဝေ ရေး စခန်း အမှတ် (၁)ကို စတင် ဆောင် ရွက် စဉ်။**

## ဓနုဖြူမြို့နယ်အတွင်း ဆင်းရဲချို့တဲ့ဝေဒနာရှင်များအား အခမဲ့ဆေးဝါးကုသပေးနိုင်ရန် အလှူငွေ ပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ဓနုဖြူမြို့နယ်အတွင်းရှိ ဆင်းရဲချို့တဲ့ ဝေဒနာရှင်များအား အထူးကုဆရာဝန်ကြီးများနှင့် ခွဲစိတ်ကုသနိုင်ရေးအတွက် လှူဒါန်းငွေ ပေးအပ်ပွဲကို နိုဝင်ဘာ ၄ ရက်က အ-ထ-က ဓနုဖြူရှိ တေဇခန်းမ၌ ကျင်းပရာမအုပ်ချုပ်ခရိုင် ဥက္ကဋ္ဌ ဦးဌေးဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် ရပ်ကွက်ဥက္ကဋ္ဌများ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်သီတာဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှလှစိန်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်အတွင်းရှိ စေတနာရှင်၊အလှူရှင်များကလှူဒါန်းသော ငွေကျပ်သိန်း ၁၂၀ကို မအူပင်ခရိုင်ဥက္ကဋ္ဌဦးဌေးဝင်း၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးတင့်လွင်နှင့်တာဝန်ရှိသူများ ကလက်ခံကြသည်။ **(အပေါ်ယာပုံ)**

ထိုလှူဒါန်းငွေများဖြင့် မြို့နယ်အတွင်းရှိ ဝေဒနာရှင်များနှင့် ဆင်းရဲနွမ်းပါးသော ဝေဒနာရှင် ၁၀၂၀ တို့အား နိုဝင်ဘာ ၂၁၊ ၂၂၊ ၂၃ ရက်များတွင် သားဖွားမီးယပ်နှင့် မျက်စိဆရာဝန်များ၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီးများ၊ အထွေထွေရောဂါကု ဆရာဝန်ကြီးများက ဆေးဝါးကုသပေးမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)




## တောင်ကြီးကောလိပ် ကျောင်းသား၊ ကျောင်းသူများ ဒသမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

တောင်ကြီးကောလိပ်၌ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများကတောင်ကြီးကောလိပ် စတင်တည်ထောင်သည်မှ ၁၉၇၄ ပညာသင်နှစ်အထိ တာဝန် ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ဆရာမများအား ဒသမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ YMCA ခန်းမ၌ကျင်းပမည်ဖြစ်သည်။ ဖိတ်စာမရရှိသော ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အောက်ပါ ပုဂ္ဂိုလ်များနှင့် ဆက်သွယ်ကြပါရန်နှင့် အလှူငွေပါဝင်လှူဒါန်းလိုပါက ဦးမြင့်လွင်ခိုင်-ဒေါ်မြင့်မြင့်တင် ဖုန်း-၃၇၄၈၅၀၊ ၀၉၅၀-၄၆၈၉၉၊ ဒေါက်တာသာညဏ် ဖုန်း-၂၉၄၁၂၈၊ ၂၉၄၁၀၉၊ ၂၉၆၄၃၅၊ ဦးခင်မောင် ဖုန်း-၀၉၅၀-၅၄၀၁၄၊ စိုင်းစိုးမြင့်ဆွေ - ဒေါ်စုစုသန်းဖေ ဖုန်း-၅၇၉၃၉၃၊ ဦးအောင်မွန် (နေပြည်တော်လယ်ဝေး) ဖုန်း-၀၆၇-၃၀၂၇၇၊လီယို ဖုန်း-၀၉၅၀-၁၁၃၉၂၊ စိုင်းဇော်မင်း(ကျိုင်းတုံ) ဖုန်း-၀၈၄- ၂၁၅၇၁၊ ၀၉၅၂-၅၀၁၂၁၊ ဒေါ်စွမ် ဖုန်း-၂၂၃၃၂၅၊၂၂၃၇၁၈၊ ဒေါ်ထွေး ခင် ဖုန်း-၂၂၃၉၀၃၊ ၅၂၆၂၃၆၊ ဒေါ်မေကြင် ဖုန်း-၂၉၅၆၃၈၊ ၂၁၀၉၈၇၊ ဦးအောင်မြင့် (ပျော်ဘွယ်) ဖုန်း-၀၆၄-၄၉၅၂၄၊ ဦးမောင်မောင်လေး ဖုန်း-၀၉၅၀-၁၇၁၉၆၊ ဦးခင်မောင်ဆွေ ဖုန်း-၂၉၆၇၉၃၊ ၀၉၅၀-၁၂၄၅၀၊ Melvin ကျော်သက် ဖုန်း-၀၉၉၉-၂၅၂၉၉၊ စိုင်းသိန်းထွေး (ကျောက်မဲ) ဖုန်း-၀၆၇-၂၂၀၇၄၊ ဒေါ်နန်းညွန့်တင် (နေပြည်တော်) ဖုန်း-၀၆၇-၄၁၃၁၃၄၊ ဦးဝင်းလွင်-ဒေါ်မိမိချမ်း (တောင်ကြီး)ဖုန်း-၀၈၁-၂၁၇၂၀၊ ဒေါ်ဆွေဆွေဦး ဖုန်း-၃၈၆၆၆၇၊ ဒေါ်စပ်သီတာထွေး ဖုန်း-၆၆၂၇၃၂၊ ဒေါ်မေမေတင် ဖုန်း-၇၀၈၅၃၃၊ ဒေါ်ခင်စစ်ဝေ ဖုန်း-၅၆၃၅၉၄၊ ဒေါ်ခင်ဝင့်အေးအေး ဖုန်း-၀၉၅၁-၅၃၇၈၇၊ ၅၃၈၇၄၁၊ ဒေါ်စိန်စိန်မြင့် (ကျောက်မဲ) ဖုန်း-၀၈၂-၄၀၂၁၀၊ ဒေါ်နယ်လီထွန်း (မန္တလေး) ဖုန်း-၀၂-၃၃၉၈၉၊ ဒေါ်တင်တင်နွဲ့(လွိုင်ကော်) ဖုန်း-၂၅၂၉၉၂၊ဒေါ်ခင်စိမ်းဝင်း (မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၅၈၁၊ဦးတင့်ရှိန် ဖုန်း-၆၈၀၄၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၈-၁၁-၂၀၀၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅း၀၀ ၇။ မျိုးချစ်တပ်မတော်
- ၅း၂၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မင်းသမီးရဲ့ နေ့စဉ်မှတ်တမ်း (အပိုင်း-၁၂)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေး တေးကဗျာ
- ၁၉။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ (အပိုင်း-၁၉)
- ၂၀။ မွေးမြူသုတ
- ၂၁။ ဗွီစီဒီကျော်ကြားတေးများ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ရွှေမင်းသမီးရဲ့ဖူးစာ (အပိုင်း-၂၆)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

# အာရှ အသက်(၁၆)နှစ်အောက် အမျိုးသမီးခြေစစ်ဘောလုံးပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်းက ဖိလစ်ပိုင်အမျိုးသမီးအသင်းကို ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် နိုဝင်ဘာ ၁၇

**အာရှအသက် (၁၆)နှစ်အောက် အမျိုးသမီးခြေစစ်ဘောလုံးပြိုင်ပွဲကို ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ကျင်းပရာ မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းက ဂိုးပြတ်ဖြင့် ခြေစွမ်းပြအနိုင်ရရှိသွားသည်။**

ပြိုင်ပွဲ၏ ပတ်လည်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီး လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ခြောက်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို လှယဉ်ဝင်းနှင့် ထက်သီဂီအေးတို့က နှစ်ဂိုးစီ၊ ဖရီဒါစောစုထွေးနှင့် ငွေဆွေတာရာတို့က တစ်ဂိုးစီဖြင့် စုစုပေါင်း ခြောက်ဂိုးသွင်းယူနိုင်ခဲ့သည်။

မြန်မာအသင်းသည် လေးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ခုနစ်မှတ်ရရှိထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**နိုဝင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် ကမ္ဘာ့ကရာတေးဒို အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများ စုံညီအစည်းအဝေးနှင့် ပြိုင်ပွဲလေ့လာရန်အတွက် မြန်မာနိုင်ငံ ကရာတေးဒို**



**အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော် ခေါင်းဆောင်သော အဖွဲ့ဝင် ငါးဦးပါအဖွဲ့သည် နိုဝင်ဘာ ၁၆ ရက် ညနေပိုင်းက ပြန်လည်ရောက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။** (အား/ကာ)

# ဝေနေယျသုခ ရေချမ်းစင်အသင်း ပြက္ခဒိန်ထွက်ပြီ

**ရန်ကုန် နိုဝင်ဘာ ၁၇**

၂၀၀၉ခုနှစ်အတွက် ဝေနေယျသုခ ရေချမ်းစင်အသင်း ပြက္ခဒိန် နှစ်မျိုး ဆေးရောင်စုံမျက်နှာဖုံးဖြင့် တစ်ပြိုင်တည်း ထွက်ပြီဖြစ်သည်။ တစ်နှစ်စာ ရေဖိုးငွေကျပ် အနည်းဆုံး ငွေကျပ်၃၀၀ လှူသူအား မြန်မာစက္ကူချောဖြင့်လည်းကောင်း၊ ငွေကျပ် ၄၀၀ လှူသူအား နိုင်ငံခြားစက္ကူဖြင့်လည်းကောင်း ပြက္ခဒိန် တစ်စောင် လက်ဆောင်ပေးမည်ဖြစ်သည်။

ပြည်တွင်းပြည်ပ ရေအလှူဒါနခုနစ်မျိုးစုံအတွက် အနည်းဆုံး ငွေကျပ် ၇၀၀ လှူသူ၊ ဝေနေယျသုခဓမ္မာရုံဘက်စုံအလှူနှင့် ရာသက်ပန်သောက်ရေသန့် ရေပဒေသာပင် တစ်ပင်လျှင် ငွေကျပ်တစ်သောင်း အလှူရှင်များအားကမ္ပည်းမော်ကွန်းတင်၍ ပြက္ခဒိန်များနှင့် ဂုဏ်ပြုလွှာပေးအပ်မည်ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

# နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် နိုဝင်ဘာ ၁၇

**ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

**လွန်ခဲ့သော၂၄နာရီအတွင်းက** တနင်္သာရီတိုင်းတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့်သာယာသည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှ အပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူအချိန်များမှာ** လွိုင်လင်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**ထူးခြားသည့်အခြေအနေ။** ။ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "နိုရယ်" သည် ဗီယက်နမ်နိုင်ငံတောင်ပိုင်း ကမ်းခြေကိုဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။

**နိုဝင်ဘာ ၁၈ ရက် ညနေထိ ခန့်မှန်းချက်။** ။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ်ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၄ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၉၃ဒီဂရီဖာရင်ဟိုက်) ၁၆-၁၁-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၆၉ဒီဂရီဖာရင်ဟိုက်) ၁၇-၁၁-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၇ရာခိုင်နှုန်း ၁၇-၁၁-၂၀၀၈

နေပူသည့်နာရီပေါင်း ၁၀ ဒသမ၀ နာရီခန့် ၁၆-၁၁-၂၀၀၈

**မိုးရေချိန်**

| **ရက်စွဲ** | **မင်္ဂလာဒုံ** | **ကမ္ဘာအေး** | **ရန်ကုန်မြို့လယ်** |
|---|---|---|---|
| ၁၇-၁၁-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၈၀၂မမ | ၃၀၇၂မမ | ၃၅၈၀မမ |
| ယနေ့အထိ | (၁၁၀ဒသမ၃လက်မ) | (၁၂၀ဒသမ ၉၅လက်မ) | (၁၄၀ဒသမ ၉၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏အများဆုံးလေတိုက်နှုန်းမှာ၁၆-၁၁-၂၀၀၈ရက် ၁၈း၃၀နာရီတွင် တောင်ဘက်မှ တစ်နာရီလေးမိုင်နှုန်းတိုက်ခတ်သည်။

# လုပ်ခလစာမြင့်မားလွန်းသည့် စီရော်နယ်လ်ဒိုအား မန်ယူလက်လွှတ်ဖွယ်ရာရှိ

ဝင်းတင် (ကြေးမုံ)

**လန်ဒန် နိုဝင်ဘာ ၁၇**

လက်ရှိအချိန်တွင် မန်ယူအသင်း၏တောင်ပံကစားသမား စီရော်နယ်လ်ဒို၏ တစ်ပတ်လုပ်ခ လစာမှာ ပေါင် ၁၂၀၀၀၀ ဖြစ်သည်။ စီရော်နယ်လ်ဒိုမှာ ထိုသို့လုပ်ခလစာ အများအပြား ရရှိနေသော်လည်း တင်းတိမ်ရောင့်ရဲမှုမရှိသေးဟု နည်းပြကြီးဖာဂူဆန်က ယူဆနေသည်။

၂၀၀၃ခုနှစ်တွင် မန်ယူအသင်းသို့ စတင်ရောက်ရှိလာခဲ့သည့် စပို့တင်းလစ္စဘွန်းအသင်းမှ ကစားသမားဟောင်း စီရော်နယ်လ်ဒိုမှာ မန်ယူအတွက်ကစားခဲ့သည့် ၂၅၃ ပွဲတွင် ၁၀၁ ဂိုး သွင်းယူပေးထားနိုင်သည့် ကစားသမားဖြစ်သည်။ ၎င်းမှာ မန်ယူအသင်းတွင် မရှိမဖြစ်လိုအပ်သည့် ကစားသမားတစ်ဦး ဖြစ်သော်လည်း လစာငွေများလွန်းခြင်း၊ ကာယကံရှင်ကိုယ်တိုင်က စပိန်ကလပ် ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့လိုခြင်းတို့ကြောင့် လာမည့် ဇန်နဝါရီလ အပြောင်းအရွှေ့ကာလတွင် မန်ယူအနေဖြင့် စီရော်နယ်လ်ဒိုအား လက်လွှတ်ဖွယ်ရှိနေသည်။

အကယ်၍ မန်ယူမှ စီရော်နယ်လ်ဒို အမှန်တကယ်ပြောင်းရွှေ့သွားပါက ပြင်သစ်နှင့် လိုင်ယွန်တိုက်စစ်မှူး ဘန်ဇီမာအား မန်ယူအသင်းတွင် မြင်တွေ့ရဖွယ်ရှိနေသည်။ သို့သော် စီရော်နယ်လ်ဒိုမှာ မန်ယူနှင့် စာချုပ်သက်တမ်း သုံးနှစ်ကျန်ရှိနေသေးသည် ဖြစ်ခြင်းကြောင့် ၎င်း၏ အပြောင်းအရွှေ့မှာ ဖြစ်၊ မဖြစ် ဆိုသည်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။




**မန်ယူအသင်းနှင့် ရှေ့ရေးမသေချာမရေရာဖြစ်နေသည့်စီရော်နယ်လ်ဒို။**

# ဂျာမနီနှင့် ခြေစမ်းမည့် အင်္ဂလန်လူစာရင်းတွင် ဒေးဗစ်ဘက်ခမ်း ချန်လှပ်ခံရ



**ကာပယ်လို၏ အင်္ဂလန်အသင်းတွင် ချန်လှပ်ထားခြင်းခံရသည့် ဒေးဗစ်ဘက်ခမ်း။**

**လန်ဒန် နိုဝင်ဘာ ၁၇**

ယခုတစ်ပတ် ဗုဒ္ဓဟူးနေ့တွင် ဂျာမနီနှင့် ခြေစမ်းပွဲကစားမည့် အင်္ဂလန်လူစာရင်းကို ယမန်နေ့က ထုတ်ပြန်ခဲ့သည်။ အဆိုပါ လူစာရင်းတွင် မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်စီအသင်းမှ အီတလီစီးရီးအေကလပ် အေစီမီလန်သို့ အငှားဖြင့်ပြောင်းရွှေ့ ကစားဖွယ်ရာရှိသည့် ဒေးဗစ်ဘက်ခမ်းမှာ ချန်လှပ်ထားခြင်း ခံခဲ့ရသည်။

နည်းပြကာပယ်လို ရွေးချယ်လိုက်သော လူစာရင်းတွင် မျက်နှာသစ်ကစားသမားအဖြစ် ချယ်လ်ဆီးမှ ဝုလ်ဗာဟမ်တန်သို့ အငှားချထားသည့် နောက်ခံလူ မစ်ချယ်မန်စီနီ ပါဝင်လာသည်။ ဒဏ်ရာကြောင့် ဝိန်းရွှန်နေးမပါဝင်နိုင်သည့် အင်္ဂလန်ရှေ့တန်းတွင် ဒီဖိုး၊ ပီတာခရော့ချ်တို့နှင့်အတူ ဒါရင်ဘန့်တစ်ကျော့ပြန်လည်ပါဝင်လာပြီး အက်စတန်ဗီလာအသင်းတွင် ခြေစွမ်းပြနေသည့် အဘွန်လဟော်မှာလည်း ကာပယ်လို၏ လူစာရင်းတွင်ပါဝင်လာသည်။

ထို့အပြင် နောက်ခံလူဖာဒီနန်အား ဒဏ်ရာပြဿနာရှိနေ၍ ယခုပွဲအတွက် ထည့်သွင်းရွေးချယ်ခြင်းမပြုခဲ့ပေ။ ကြံ့ခိုင်မှုအပြည့်အဝမရှိသည့် အသင်းခေါင်းဆောင်ဂျွန်တယ်ရီမှာလည်း ယခုပွဲအတွက် ပါဝင်ကစားရန် မသေချာမရေရာဖြစ်နေသည်။ သို့အတွက်ကြောင့် နည်းပြကာပယ်လိုမှာ ခေါင်းခဲနေရသည်ဟု ဆိုသည်။

ဂျာမနီနှင့် ခြေစမ်းပွဲအတွက် ကာပယ်လိုရွေးချယ်လိုက်သည့် အင်္ဂလန်လူစာရင်းမှာ ဂိုး- ဒေးဗစ်ဂျိမ်းစ် (ပို့စ်မောက်)၊ ကာဆင် (ဝက်စ်ဘရွန်း)၊ ဂျိုးဟတ် (မန်စီးတီး)၊ နောက်တန်း- ဂျွန်တယ်ရီ၊ ဝိန်းဘရစ်ချ် (ချယ်လ်ဆီး)၊ လက်စကော့ (အဲဗာတန်)၊ ဂျွန်ဆင် (ပို့စ်မောက်)၊ အပ်ဆန် (ဝက်စ်ဟမ်း)၊ ဒေဗီးစ် (ဗီလာ)၊ မစ်ချယ်မန်စီနီ (ချယ်လ်ဆီး)၊ ရစ်ချက် (မန်စီးတီး)၊ ကွင်းလယ်- ဂျရတ် (လီဗာပူး)၊ လမ်းပတ် (ချယ်လ်ဆီး)၊ ဘယ်ရီ၊ အက်ရှ်လေယန်း (ဗီလာ)၊ ကာရစ်(မန်ယူ)၊ ဒေါင်းနင်း (မစ်ဒယ်ဘရော့)၊ ရိုက်ဖိလစ် (မန်စီးတီး)၊ ဝေါလ်ကော့ (အာဆင်နယ်)၊ ရှေ့တန်း- ဒီဖိုးနှင့် ပီတာခရော့ချ် (ပို့စ်မောက်)၊ ဒါရင်ဘန့် (စပါး)၊ အဘွန်လဟော် (ဗီလာ) တို့ဖြစ်ကြသည်။

# မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂) အမှတ်(၅၂)ကိုယနေ့ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် စင်ကာပူတွင်အလုပ်သွားလုပ်မည့်သူများ သတိပြုသင့်၊ ဗီဒီယိုပြသခွင့်လိုင်စင်မရှိဘဲပြသနေသည့် လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များကို အရေးယူခြင်းအစီအစဉ်စတင်တော့မည်၊ အစာရေစာမစားဘဲ ၃နှစ်ကြာတရားကျင့်နေသော နီပေါလူငယ်၊ Iron Cross လန်ဒန်တွင်သွားရောက်ဖျော်ဖြေမည်၊ ကိုရီးယားသင်္ဘောတစ်စင်း ဆိုမာလီပင်လယ်ဓားပြတို့၏ ထပ်မံပြန်ပေးဆွဲခြင်းခံရပြန်၊ ပို့ကုန်ဈေးနှုန်းများကျဆင်းနေခြင်းကို မသမာသောနည်းလမ်းဖြင့်ရင်ဆိုင်မဖြေရှင်းသင့်၊ မလေးရှားမှ ကရုဏာအဖွဲ့ မြန်မာနိုင်ငံ၌ ဆေးရုံတည်ဆောက်ပေးမည်၊ ပြည်ပဈေးကွက်၌ နိုင်ငံခြားငွေတိုးမြှင့်ရရှိနေသော မြန်မာ့ငါးရှဉ့်၊ နွားနောက်များကို ပြည်ပသို့ အဓိကပို့ကုန်ဖြစ်လာစေရေး စီစဉ်လျက်ရှိ၊ သဘာဝဓာတ်ငွေ့အရောင်းဆိုင် ၅ဆိုင်ထပ်မံဖွင့်လှစ်မည်၊ အသက်ကြီးလာလျှင်ဖြစ်တတ်သည့် ခြေထောက်ပြဿနာများ၊ လူသတ်မှုတိုးပွားလာသောစင်ကာပူ၊ ယခုနှစ်တွင် Miss X'mas ဘယ်သူရမလဲ၊ ဒုတိယအကြိမ် ရွှေမင်္ဂလာစုံတွဲရှာပုံတော်ရွေးချယ်၊ ကိုရီးယား ဇာတ်လမ်းတွဲ စူပါမင်းနှင့် မာနရှင်၊ ပြည်တွင်း၌တည်ဆောက်မည့် ရထားစက်ခေါင်းများတွင် DLC မိုက်ကရိုကွန်ပျူတာစနစ်တပ်ဆင်မည်၊ ပါမောက္ခ ဒေါက်တာဦးခင်မောင်အေး၏ နှလုံးသွေးကြောကျဉ်းရောဂါ၊ ပါမောက္ခ ဒေါက်တာဦးသံစစ်၏ အသည်းရောင်ဘီပိုးကာကွယ်ဆေး၊ အိုဘားမား၏ စစ်ရေးမဟာဗျူဟာ၊ ဘင်လာဒင်ကို ဖမ်းမိရေးသည်(စီအိုင်အေ)၏ ထိပ်တန်းဦးစားပေးမှုတစ်ရပ်အဖြစ်ရှိနေဆဲ ဟားမာ့စ်နှင့် ဟစ်ဇ်ဘိုလာတို့ နောက်ဆုံးတိုက်ပွဲအတွက် ပြင်ဆင် စသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်အား အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟု သိရသည်။ (သတင်းစဉ်)

# အထက(၃)လှိုင် (OK) ကျောင်းသားကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်း လှိုင်မြို့နယ် အထက(၃) လှိုင် (OK) ကျောင်းသား၊ကျောင်းသူဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ရက် (တနင်္လာနေ့)တွင် အထက(၃)လှိုင် (OK) ကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးရှိ ကျောင်းသား၊ ကျောင်းသူဟောင်းများအား အကြောင်းကြားအပ်ပါသည်။ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားသို့ တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ (ကြေးမုံ)

ရဲနွယ်ရေလှောင်တမံကို ရေဝင်ရေိယာနှင့်အတူ တွေ့ရစဉ်။



# သီးထပ်သီးညှပ်စိုက်ပျိုးနိုင်သည့် ရဲနွယ်ရေလှောင်တမံ

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်တွင် မိုးစပါး၊ မိုးသီးနှံများကိုသာ အဓိကထားစိုက်ပျိုးခဲ့သည်။ သီးထပ်သီးညှပ်များ စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေလိုအပ်လာသည်။ နိုင်ငံတော်ကလည်း စိုက်ပျိုးရေပေးဝေမည့် ဆည်တမံများကို ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။ နယ်မြေ၏ ရေမြေအခြေအနေပေးမှုနှင့်အညီ စိုက်ပျိုးရေ လိုအပ်နေသော စစ်တောင်းမြစ်ဝှမ်းတွင် ဆည်တမံအသစ် တည်ဆောက်ပေးခဲ့သည်။

ထို့ကြောင့် သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရန် တည်ဆောက်ပေးထားသည့် ရဲနွယ်ရေလှောင်တမံအကြောင်း သိရှိလေ့လာလိုသဖြင့် ဆည်မြောင်းဦးစီးဌာန၏ အကူအညီဖြင့် သွားရောက်ခဲ့သည်။

ရဲနွယ်ရေလှောင်တမံသို့ရောက်ရှိခဲ့ပြီး စစ်တောင်းမြစ်ဝှမ်းတစ်ခွင်တွင် အကျိုးပြုမည့်အချက်အလက်များကို ကွင်းဆင်းလေ့လာခဲ့ရာ တာဝန်ခံလက်ထောက်အင်ဂျင်နီယာ ဦးစံမင်းက ရှင်းလင်းပြသသည်။ ရဲနွယ်ရေလှောင်တမံကို ၂၀၀၆ခုနှစ် မတ် ၃ ရက်က ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

## သတင်းဆောင်းပါး-ခင်မောင်သန်း(စက်မှု)

ရဲနွယ်ရေလှောင်တမံသည် ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာမှ အနောက်ဘက် ၂ဒသမ ၅မိုင်ခန့်အကွာတွင်တည်ရှိပြီး ရဲနွယ်ချောင်းပေါ်၌ အလျားပေ ၁၀၅၀၊ အမြင့် ၂၅၁ပေနှင့် ရေလှောင်ပမာဏဧကပေ ၉၃၁၈၀၀ သိုလှောင်နိုင်မည့် မြေသားတမံတည်ဆောက်ထားသည်။ လယ်မြေဧက ၁၁၈၅၀၀ ခန့်နှင့် သီးနှံဧရိယာဧက ၂၃၇၀၀၀ ခန့်ကို ရေပေးဝေမည်။ ထို့နောက် ရေအားလျှပ်စစ် ၂၅မဂ္ဂါဝပ်ထုတ်လွှတ်မည်ဖြစ်ပြီး ဒေသတစ်ဝန်း လျှပ်စစ်ဓာတ်အားများ ရရှိခံစားကြရမည်။ ရေအားလျှပ်စစ်ဓာတ်အားစက်ရုံမှာလည်း တည်ဆောက်ပြီးစီးသွားခဲ့ပြီဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## အချိန်အခါမဟုတ် မိုးရွာမည်

ရန်ကုန် နိုဝင်ဘာ ၁၇

**ယနေ့ မြန်မာစံတော်ချိန် ညနေ၅နာရီအချိန် ဖြိုဟ်တုမိုးလေဝသ တိုင်းထွာချက်များအရ ဗီယက်နမ်နိုင်ငံ တောင်ပိုင်းကမ်းခြေကို ဖြတ်ကျော်လျက်ရှိသော “ နိုရယ်”အမည်ရှိ အပူပိုင်းမုန်တိုင်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိရာ ယင်းမုန်တိုင်း၏အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၃၆နာရီအတွင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။**

**မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။**

## အင်အားပြင်း မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် နိုဝင်ဘာ ၁၇

**၂၀၀၈ ခုနှစ် နိုဝင်ဘာ၁၆ရက် မြန်မာစံတော်ချိန် ၂၃နာရီ၊ ၃၉ မိနစ်၊ ၄၆စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင်၂၀၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (အင်ဒိုနီးရှားနိုင်ငံ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၇ ဒသမ ၅ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။**

(သတင်းစဉ်)

အာကာသသိပ္ပံ အင်တာနက်သတင်း

## ကမ္ဘာ့အကြီးဆုံး နက္ခတ်တာရာစခန်း အာဂျင်တီးနားတွင် ဖွင့်လှစ်

**ဗျူနိုအေရီ နိုဝင်ဘာ ၁၇**

ကမ္ဘာ့အကြီးဆုံးသော နက္ခတ်တာရာလေ့လာရေးစခန်းကို အာဂျင်တီးနားနိုင်ငံ အနောက်ပိုင်း၌ နိုဝင်ဘာ ၂၁ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပရဲအော်ဂါ နက္ခတ်တာရာလေ့လာရေးစခန်း ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံပေါင်း ၁၇နိုင်ငံမှ သိပ္ပံပညာရှင် ၃၇၀ တက်ရောက်မည်ဖြစ်သည်။ ပြင်သစ်လူမျိုး ရူပဗေဒနှင့် နက္ခတ္တဗေဒပညာရှင် ပရဲအော်ဂါအား ဂုဏ်ပြုသည့်အနေဖြင့် ပရဲအော်ဂါ နက္ခတ်တာရာလေ့လာရေးစခန်းဟု အမည်ပေးထားသည်။

အဆိုပါစခန်းကို ၁၉၉၉ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး နောက်ဆုံးပေါ် အဝေးကြည့်မှန်ပြောင်းများ တပ်ဆင်ထားသည်။ ပရဲအော်ဂါ နက္ခတ်တာရာလေ့လာရေးစခန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ကော့စမစ် ရောင်ခြည်လှိုင်းများကို အထူးပြုလေ့လာနိုင်ရန်ဖြစ်ကြောင်း



အာဂျင်တီးနား နက္ခတ္တဗေဒပညာရှင် ဘားထရစ်ဂါစီယာက ပြောကြားသည်။ ကော့စမစ်ရောင်ခြည်လှိုင်းများသည် အာကာသအတွင်း လျှပ်စစ်သံလိုက်လှိုင်းများ ဖြာထွက်မှုဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၂ သို့

**အာဂျင်တီးနားနိုင်ငံ အနောက်ပိုင်းမှ နက္ခတ်တာရာ လေ့လာရေးစခန်းကို တွေ့ရစဉ်။**


ယနေ့ ကြေးမုံ ဆောင်းပါးနှင့် ပြည်တွင်း ပြည်ပ သတင်းများ အညွှန်း



အီရတ်နှင့် အာဖဂန် သတင်းများ

နိုင်ငံတကာသတင်းများ စာမျက်နှာ- ၇

အသက်ကိုဉာဏ်စောင့် ဆိုသည့်အတိုင်း အသက်(၅၀)ကျော်သူတိုင်း အထူးသဖြင့် သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါရှိသူများ သက်ဆိုင်ရာ သမားတော်များနှင့်တိုင်ပင်၍ ကြိုတင်ကာကွယ်

ဒေါက်တာကံညွှန့်ဆောင်းပါး စာမျက်နှာ- ၆



ဂျာမနီနှင့် ခြေစမ်းမည့် အင်္ဂလန် လူစာရင်းတွင် ဒေးဗစ်ဘက်ခမ်း ချန်လှပ်ခံရ

နိုင်ငံတကာအားကစားသတင်း စာမျက်နှာ- ၁၁